## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါး တို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၂၈)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္ဂနွေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နောင်ချိုမြို့နယ်တွင် အသက် ၁၅ နှစ်အောက်ကလေးများအား အမီလိုက်(Big Catchup) နည်းလမ်းဖြင့် လိုအပ်သောကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးလျက်ရှိ

နောင်ချို ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၀ ကို ပြန်လည်ဖွင့်လှစ်ထားပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်း၊ အသက်ငါးနှစ်အောက်နှင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားနိုင်ခြေများပြီး အစုအဝေးဖြင့်နေထိုင်သောနေရာများမှ အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများမရရှိခဲ့သည့် အသက် ၁၅ နှစ်အောက်ကလေးများကို **စာမျက်နှာ ၁၀ ကော်လံ ၁ ◆**



### ဆောင်းပါး

**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့**
စာ - ၇ သို့

**နိုင်ငံတော်နှင့်ပြည်သူ ပန်းတိုင်သို့အတူတူ ပန်းဝင်ကြရင်ဖြင့်...**
စာ - ၁၃ သို့

**အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး**
စာ - ၁၀ သို့



**ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls)များ ကြဲချစိုက်ပျိုး**
စာ - ၅ သို့



**ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညဲတောဈေး)ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိ**
စာ - ၅ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်)

## ဒေသစီးပွားမြင့်မားရေး တက်ညီလက်ညီဆောင်ရွက်ပေး

မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ယာမြေများကို အသွင်ပြောင်းလယ်မြေများအဖြစ် ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပေရာ အဓိကအားဖြင့်စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများပိုမိုတိုးတက်လာစေရန်ဖြစ်သည်။ သီးနှံအထွက်နှုန်းနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကိုတွေ့ရှိရသည်။ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့်ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကိုများစွာအထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၂၀ ရက် နံနက်ပိုင်းတွင် အောင်လံမြို့ရှိ အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားစဉ် **"ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင်တာဝန်ရှိပြီး ဒေသကိုဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအတွင်းတာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့်ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနချင်းအလိုက်ညှိနှိုင်း၍ လုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အောင်လံခရိုင်အတွင်း အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း"**ပြောကြားခဲ့သည်။

ထို့ကြောင့် အထွက်နှုန်းများပိုမိုတိုးတက်ကောင်းမွန်စေရေး စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းများ လုံလောက်ကောင်းမွန်စွာရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ မြေကောင်းမွန်မှုရှိစေရေး မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် သဘာဝမြေဩဇာများကို အသုံးပြုရန်လိုအပ်သည်။ အလားတူ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများအသုံးပြု၍ ရှိပြီးသားရေအရင်းအမြစ်ဖြစ်သော ရေဝတီမြစ်ရေများကို စနစ်တကျအသုံးချရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နည်းစနစ်တကျဖြင့် စိုက်ပျိုးရန်လည်းလိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းဆန်ဖူလုံလာမည်ဖြစ်သည်။ ဒေသထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံနှင့်ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်သဖြင့် ဒေသအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

အောင်လံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းလုပ်ဆောင်မှုများ ပိုမိုဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများထုတ်လုပ်နိုင်သဖြင့် အဆိုပါ တိရစ္ဆာန်အစာများကိုအသုံးပြု၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို မွေးမြူနိုင်သည်။ ထိုသို့မွေးမြူဆောင်ရွက်ခြင်းဖြင့် ဒေသရှိပြည်သူများစားရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရရှိရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အောင်လံဒေသအတွင်း ဝါစိုက်ပျိုးမှုများဆောင်ရွက်လျက်ရှိသဖြင့် ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများကို အခြေခံမှစ၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသအတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

ထို့ပြင် မိမိတို့နေထိုင်သည့်ဒေသများတွင် **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့** ဆိုသည့်အတိုင်း ဒေသအတွင်းသစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သစ်ပင်သစ်တောများရှိမှသာ သဘာဝဘေးဒဏ်များကို ထိုက်သင့်သလောက်လျှော့ချပေးနိုင်မည်ဖြစ်သည်။ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း ၂ ဧကနှုန်းဖြင့် စိုက်ပျိုးကြရမည်ဖြစ်သလို အလားတူ မြို့ရွာများ၊ ရပ်ကွက်များအလိုက် တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်း နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောများပိုမိုများပြားလာမည်ဖြစ်သည်။ လမ်းဧရိယာများ၌လည်း သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ဒေသတွင်းစီးပွားရေးပိုမိုကောင်းမွန်ရေး၊ သဘာဝပတ်ဝန်းကျင်သာယာရေးကို အားလုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ(မွမ်းမံ)သင်တန်းဖွင့်လှစ်

ကြို့ပင်ကောက် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကြီးကြပ်မှုအောက်ရှိ သာယာဝတီခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာဘုန်းတော်ကြီးကျောင်း၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(မွမ်းမံ)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းမြင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ခြင်း၊ သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိနှင့် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်တို့က သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး တက်ရောက်လာသူများ၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းတွင် ရေချိုးဆပ်ပြာရည်၊ အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ လက်ဆေးဆပ်ပြာရည်အမျိုးမျိုး၊ မျက်နှာသစ်ဆပ်ပြာခဲအမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ လျှော်ဖွေးဆပ်ပြာရည်၊ မှန်ကြည်ဆေး၊ ဆပ်ပြာခရင်၊ Body Scrub တို့ကို မွမ်းမံသင်တန်းအဖြစ် ဩဂုတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ ခုနစ်ရက်ကြာ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်မည့်သူငါးဦးအား ဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဖြူလင်း(၄၁၀)

## မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းအခမ်းအနားကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းအခမ်းအနားကို ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မြင့်က ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံနှင့် မဲပေးပုံ မဲပေးနည်းအဆင့်ဆင့်အား ရှင်းလင်းပြောကြားပြီး သရုပ်ပြပွဲသို့တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

(၆၀၂)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၈-၂၀၂၅(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ |
| ၃။ | ၁၃:၃၀ | Music Crazy |
| ၄။ | ၁၄:၅၅ | Sporty Zone |
| ၅။ | ၁၈:၂၀ | Relaxing Moment |
| ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

### MWD Education, Knowledge & Sports Channel

၂၄-၈-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ - ၁၀:၂၅ | Grade-11 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၄:၀၅ | Grade-11 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ - ၁၇:၀၅ | Grade-11 | ရူပဗေဒ၊ ဇီဝဗေဒ |
| ၄။ | ၁၇:၀၅ - ၁၉:၃၀ | Grade-11 | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တောင်သူများအား သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာရောနှော၍ အချိန်မှန် အချိုးကျထည့်သွင်းခြင်းကွင်းသရုပ်ပြ

မြိတ် ဩဂုတ် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်မည့် အကျိုးဆောင်တောင်သူများအား သဘာဝမြေဩဇာပေးအပ်ခြင်းနှင့် သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာရောနှော၍ အချိန်မှန်၊ အချိုးကျထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲကို ဩဂုတ်လ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကွဲကူးကျေးရွာရှိ စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာ(ကွဲကူး)၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် မြိတ်ခရိုင်၌ ဒေသဝမ်းစာဖူလုံရေးအတွက် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် ဖူလုံမှုရာခိုင်နှုန်းတိုးတက်မှုရှိမှသာ ခရိုင်တစ်ခုလုံး၏ ဒေသဝမ်းစာဖူလုံမှုတိုးတက်လာမည်ဖြစ်သည့်အတွက် မိမိတို့ဒေသအတွင်း သီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်ရန် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေ၊ မြေ၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ အရည်အသွေးပြည့်မီသည့် သွင်းအားစုများ၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များဖြင့် မှန်ကန်စွာစိုက်ပျိုးနိုင်မှသာ အထွက်နှုန်းကောင်းသောရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက အကျိုးဆောင်တောင်သူများထံ သဘာဝမြေဩဇာများပေးအပ်ကြပြီး မိုးစပါးစိုက်ခင်း၌ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာ အချိန်မှန်၊ အချိုးကျထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်



ကန့်ဘလူ ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ရာသီအလိုက်သီးနှံများစိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၁၁၅၆၆၀ စိုက်ပျိုးရန်လျာထားပြီး မေလနှင့်ဇွန်လတို့တွင် စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၂၃၃၆၆ ဧကစိုက်ပျိုးနိုင်ခဲ့ကာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒေသခံတောင်သူတွေ ရာသီအလိုက် သီးနှံတွေ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ သဘာဝမြေဩဇာတွေပြုလုပ်သုံးစွဲနိုင်ဖို့၊ ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ဖို့၊ တစ်ဧကအထွက်နှုန်းကောင်းမွန်စေဖို့ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးနည်းပညာတွေ လိုက်ပါဆောင်ရွက်နိုင်အောင် ကွင်းဆင်းအသိပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧရိယာအများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ်စိုက်ပျိုးသည့်အပြင် သီးထပ်၊ သီးညှပ်လည်းစိုက်ပျိုးသည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပဲမျိုးစုံစိုက်ပျိုးရာတွင် ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံအပါအဝင် ပဲအမျိုးအစားပေါင်း ၁၇ မျိုးကျော် စိုက်ပျိုးလျက်ရှိပြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း(မိုးကြို)ဧက ၆၆၅၀၊ ပဲတီစိမ်း(မိုး) ၈၈၇၂၄ ဧက၊ ထောပတ်ပဲ ၇၇၇ ဧက၊ စွန်တာပြာ ၂၂၂၅ ဧက၊ ပဲစင်းငုံ ၁၂၃၃၆၆ ဧကနှင့် တခြားပဲ ကိုးဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ကန့်ဘလူမြို့နယ်၌ စပါးအပါအဝင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်သီးနှံနှင့် ဥယျာဉ်ခြံသီးနှံများစိုက်ပျိုးလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွေ၊ မိုး၊ ဆောင်းရာသီအလိုက် လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လတတိယပတ်အတွင်း

# ငွေကျပ် သိန်း ၇၁၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာများ အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လတတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၇၁၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဩဂုတ်လ ၁၈ ရက်မှ ၂၂ ရက်အထိ တစ်ပတ်တာကာလအတွင်း ငွေကျပ် ၇၁၀၇၆၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၁၀၈၂ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

အဆိုပါကာလအတွင်း ကုမ္ပဏီတစ်ခုချင်းအလိုက် အရောင်းအဝယ်ပြုလုပ်မှုအနေဖြင့် FMI ကုမ္ပဏီမှ ငွေကျပ် ၂၉၃၂၃၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၄၀၆၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၁၂၃၄၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၅၉၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၄၉၁၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ၉၇၃၆၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၈၉၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်သုံးပုံတစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။


TMH ကုမ္ပဏီမှ ငွေကျပ် ၇၉၇၄၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၀၆၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၅၆၀၂၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၃၄၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၇၂၃၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ၂၁၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၅၉၈၉၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၈၆၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

ခန့်ခန့်



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်အား ခေါင်းကြီးတစ်ပုဒ်အတွက် ၃၀ ကျပ် (တစ်လ ၉၀၀ ကျပ်) ပေးရမည်ကို များလွန်းသည်ဟု ထင်ခဲ့ခြင်းကို ကျွန်ုပ်သတိရသော်လည်း ဖွင့်ဟ၍ မပြောခဲ့ပါ။ အကယ်၍ ၁၉၅၀ ပြည့်နှစ်၌ ဦးညွန့်သည် ကျွန်ုပ်အား လခ ၉၀၀ ကျပ် ပေး၍ ငှားခဲ့ပါမူ ကျွန်ုပ်သည် ကားလ်မာ့က်စ်၏ စာပေများကို ဖတ်ခွင့်ရတော့မည် မဟုတ်သောကြောင့် လောကီမှုရေးရာနှင့်ပတ်သက်၍ သိသင့်သိထိုက်သောပညာရပ်တစ်ခု လက်လွတ်သွားခဲ့ချေမည်တကားဟု စဉ်းစားမိပါသည်။ ဤသည်ကို ထောက်သဖြင့် ကျွန်ုပ်၏ဇာတာမှာ ငွေနှင့်ပတ်သက်၍ အကျိုးမပေး။ ပညာနှင့်ပတ်သက်၍သာ အကျိုးပေးမည့် ဇာတာရှင်တစ်ယောက်ဟူ၍ (တစ်ကြိမ်ထပ်ပြီး) ရိပ်မိရပြန်ပါသည်။

### ကတ်သတ်လှသော ယူဘီအေ

၁၉၅၂ ခုနှစ် စက်တင်ဘာလက ပီကင်းမြို့၌ ကျင်းပသည့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဖရင့်ကြီးသို့ မန္တလေးခရိုင် ကိုယ်စားလှယ်အဖြစ်နှင့် ကျွန်ုပ်အား ရွေးချယ်စေလွှတ်သည်နှင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား အဖွဲ့ဥက္ကဋ္ဌအဖြစ်နှင့်လည်းကောင်း၊ ကျွန်ုပ်နှင့်လွှတ်တော်အမတ် မန်းထွန်းရင်တို့အား ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း တင်မြှောက်ကာ ပီကင်းကွန်ဖရင့်သို့ တက်ရောက်ခဲ့ရပါသည်။ ပီကင်းကွန်ဖရင့်အကြောင်းနှင့် တရုတ်ပြည်ကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့ရပုံအကြောင်းအရာများကိုမူ စာတစ်အုပ်သီးသန့်ရေးထုတ်ခဲ့ပြီးပြီဖြစ်၍ ဤမှတ်တမ်းတွင် အကျယ်တဝင့် မဖော်ပြတော့ဘဲ ကျွန်ုပ်နှင့် တိုက်ရိုက်ပတ်သက်သည့် အကြောင်းအရာများကိုသာ ရေးသားဖော်ပြပါတော့မည်။ ကျွန်ုပ်သည် ကမ္ဘာပေါ်ရှိ တခြားတိုင်းပြည်များအကြောင်း ပါဝင်သည့် ဝတ္ထုအမြောက်အမြားကို ဖတ်ခဲ့ရဖူးသူတစ်ယောက်ဖြစ်သည်နှင့် တခြားတိုင်းပြည်များသို့ သွားရောက်ကြည့်ရှုလိုသောဆန္ဒသည် တခြားလူများထက် ပြင်းထန်လျက်ရှိသည်ထင်၏။ မရောက်ဖူးသောဒေသတစ်ခုသို့ ရောက်ဖူးချင်သည်ဆိုခြင်းမှာ လူအတော်များများ၌ ရှိတတ်သည်မှန်သော်လည်း ဘာမျှမကြားရဖူး မဖတ်ရဖူးဘဲလျက်နှင့် ရောက်ချင်သည်ဆိုသော လူအများ၏ဆန္ဒသည် ကျွန်ုပ်၏ဆန္ဒကဲ့သို့ အကြောင်းယုတ္တိခိုင်လုံသည် မဟုတ်ချေ။ ကျွန်ုပ်မူကား တရုတ်ပြည်ကြီးအကြောင်းကို ဖတ်ဖူးထားသည့်အပြင် ပထမံဆရာသိန်းဝတ္ထု၌ ပီကင်းမြို့ရိုးကြီးအကြောင်းနှင့် ရှန်ဟဲမြို့ကြီး၏စည်ကားရှုပ်ထွေးပုံအကြောင်းများကို (စာတွေ့ရော စိတ်ကူးဖြင့်ပါ) ရေးသားခဲ့ဖူးသည်ဖြစ်သောကြောင့် မိမိစိတ်ကူးထားသည့်အတိုင်း မည်မျှလောက် မှန်ကန်မည်ကို သိလိုလှသည်နှင့် ကိုယ်တိုင်ရောက်ချင်သောဆန္ဒ ပြင်းပြလျက်ရှိခဲ့ပါသည်။ သို့ဖြစ်၍ ၁၉၅၂ ခုနှစ် စက်တင်ဘာလ ၂၉ ရက်က ရန်ကုန်မှ လေယာဉ်ဖြင့်ထွက်ခွာခဲ့ကြသော



ကိုယ်စားလှယ်များအနက်တွင် ကျွန်ုပ်၏ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းကို တုပယှဉ်ပြိုင်နိုင်သော ကိုယ်စားလှယ်ရှိလိမ့်မည်မထင်ပေ။ သို့ရာတွင် ကျွန်ုပ်၏ ဝမ်းသာစရာများတွင် အနှောင့်အယှက်ပေါ်လာတတ်သည့် ဇာတာရှင်တစ်ယောက်ဖြစ်သည့်အတိုင်း ဘန်ကောက်မြို့သို့ရောက်လျှင်ပင် စိတ်ပျက်စရာတစ်ခုပေါ်လာခဲ့လေပြီ။

ကျွန်ုပ်တို့စီးနင်းသည့် ယူဘီအေလေယာဉ်ပျံသည် ကိုယ်စားလှယ် ၃၀ ကျော်မျှ တင်ဆောင်ခဲ့၍ ဘန်ကောက်သို့ရောက်သောအခါကျမှ ဟောင်ကောင်သို့ ဆက်လက်ပျံသန်းရမည့်ခရီးတွင် လူအားလုံးအတွက် နေရာမရှိသည့်အတွက်ကြောင့် ရန်ကုန်မြို့သို့ လူ ၁၀ ယောက်ပြန်သွားရမည်ဟု ဆိုလေသည်။ ပြန်သွားရမည့် ၁၀ ယောက်အနက်တွင် ကျွန်ုပ်၏ အမည်ပါဝင်လျက်ရှိ၏။ ဤတွင် ကြင်နာခြင်းသဘောနှင့်ပြည့်စုံသည့် ကိုယ်စားလှယ်တစ်ယောက်က (ပခုက္ကူမြို့မှ သခင်ကောင်းဆင့်ဖြစ်၍ ကျွန်ုပ်မေတ္တာပို့ပါသည်။) ကျွန်ုပ်မှာ အသက်ကြီးရင့်သူဖြစ်၍ ဒုက္ခမများပါစေနှင့်၊ ကျွန်ုပ်အား ပြန်ပို့မည့်အစား သူပြန်၍သွားပါမည်ဟု ဗော်လန်တီယာလုပ်ပါပေသည်။ သို့ရာတွင် ကြိုးနီစနစ်ပေလော၊ ဘာစနစ်ပေလော မပြောတတ်။ ယူဘီအေအစိုးရလေယာဉ်ပျံက အမည်ပေးထားသည့် ခရီးသည်စာရင်းတွင် အောက်ဆုံး ၁၀ ယောက်ကို ပြန်လွှတ်ရမည်ဖြစ်သောကြောင့် ကျွန်ုပ်အစား မည်သူပြန်၍မှမဖြစ်၊ ကျွန်ုပ်ပင် ပြန်ရမည်ဟု ဖွတ်အတင်းအကျပ်ကိုင်ပါလေတော့သည်။ ကျွန်ုပ်တို့ ကိုယ်စားလှယ်များအနက်တွင် ပြောတတ်ဆိုတတ်ရှိသူ အတွင်းရေးမှူး ကိုဘငြိမ်းလည်းမပါရှိသည်နှင့် ယူဘီအေအရာရှိများ၏ အမိန့်အတိုင်း ကိုယ်စားလှယ် ၁၀ ယောက် ပြန်လာခဲ့ကြရလေ၏။

### ကိုဘငြိမ်းနှင့် ကျွန်ုပ်

ကျွန်ုပ်ကား အတော်ကြီးစိတ်ပျက်လျက်ရှိလေပြီ။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပီကင်းမြို့ရိုးနှင့် လူစည်ကားရှုပ်ထွေးသော ရှန်ဟဲမြို့တို့ကို ကိုယ်တိုင်တွေ့မြင်လိုသည့် ဆန္ဒပြင်းထန်မှုမရှိခဲ့ပါလျှင် ကျွန်ုပ်သည် ရန်ကုန်မှ မန္တလေးသို့ တောက်လျှောက်ပြန်လာမိလိမ့်မည်ထင်သည်။ (ကွန်ဖရင့်ကား ကိစ္စမရှိ။ ကျွန်ုပ်မတက်လျှင်လည်း သူ့အချိန်တွင် လုပ်ကြမည်သာဖြစ်သည်။) နောက်တစ်နေ့ ရန်ကုန်မှ လေယာဉ်ပျံဖြင့် ပြန်ထွက်ကြရာတွင် ယမန်နေ့က နိုင်ငံကူး 'ပတ်စ်ပို့စ်' လက်မှတ်မရသဖြင့် ကျန်နေရစ်ခဲ့သော အတွင်းရေးမှူး ကိုဘငြိမ်းတစ်ယောက်လည်း ပါလာသဖြင့် ကျွန်ုပ် အတော်အားတက်မိသည်။ ဒုတိယအသုတ်ဖြစ်သော ကိုယ်စားလှယ်အဖွဲ့တွင် ကိုဘငြိမ်းအပြင် ဒဂုန်တာရာ၊ ဗိုလ်လရောင်၊ မန်းထွန်းရင်၊ ရန်နိုင်စိန်တို့ကို ကျွန်ုပ်မှတ်မိသည်။ တရုတ်ပြည်ကြီးအတွင်း လှည့်လည်ကြရာတွင် ကျွန်ုပ်တို့ကိုယ်စားလှယ် ၃၀ ကျော်မျှရှိသည့်အနက် ကိုယ့်လူနှင့်ကိုယ် အလျဉ်းသင့်ရာ ပူးပေါင်းတွဲဖက်ဆက်ဆံသမှုပြုကြလေသည်။ ကျွန်ုပ်မှာမူ လူသစ်တစ်ယောက်နှင့် မိတ်ဆွေဖြစ်ဖို့ လွယ်ကူသူတစ်ယောက် မဟုတ်သည့်အတိုင်း ရှေးကတည်းက သိကျွမ်းပြီးဖြစ်သည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ပိုမိုရင်းနှီးလာခဲ့ခြင်းမှတစ်ပါး မိတ်ဆွေသစ်ဟူ၍ မရှိခဲ့ချေ။ ပထမ၌ ကျွန်ုပ်သည် အတွင်းရေးမှူး ကိုဘငြိမ်းအား အိုင်စီအက်စ်တစ်ယောက်အနေဖြင့်လည်းကောင်း၊ ကိုဘငြိမ်းကလည်း ကျွန်ုပ်အား အသက်ကြီး၍ ခေတ်ပညာတတ်သော စာရေးဆရာကြီးတစ်ယောက်အနေဖြင့်လည်းကောင်း အပြန်အလှန်အထိုက်အလျောက် လေးစားခြင်းရှိကြပုံရ၏။ သို့ရာတွင် ကိုဘငြိမ်းသည် နိုင်ငံရေးသမားတစ်ယောက်ဖြစ်သည့်အလျောက် သူတို့နိုင်ငံရေးသမားအချင်းချင်း ပိုမိုလေးစားပုံရ၍ ဘက်လိုက်ချင်တတ်သော ဝါသနာလေးရှိသည်ဟူ၍လည်း ကျွန်ုပ်အကဲခတ်မိသည်။ ဘက်လိုက်ပုံမှာ ဤသို့တည်း။ ကျွန်ုပ်နှင့် မန်းထွန်းရင်တို့သည် ဒုတိယဥက္ကဋ္ဌများဖြစ်ကြ၍ ပီကင်းဟိုတယ်၌ တစ်ခန်းတည်းအတူ တည်းခိုကြရသည့်အလျောက် သူ့အကြောင်းကို ကျွန်ုပ်အတော်သိလာ၏။ ကျွန်ုပ်တို့သည် ထွေရာလေးပါးအကြောင်းများကို ပြောကြရာတွင် မန်းထွန်းရင်၌ အမတ်တစ်ယောက်အနေဖြင့် ကျွန်ုပ်မျှော်လင့်သည့် အထွေထွေဗဟုသုတ General Knowledge မျိုးနှင့် မပြည့်ခြင်းကိုတွေ့ရ၏။ လွှတ်တော်အမတ်တစ်ယောက်ဆိုလျှင် ဤမျှမက ပြည့်ဝသင့်သည်ဟု ကျွန်ုပ်ယူဆထားသည်။ (ဤသည်မှာ ကျွန်ုပ်၏ အထင်ကြီးမှုလည်း ဖြစ်နိုင်ပါသည်။) ကျွန်ုပ်သည် မန်းထွန်းရင်နှင့် အများဆုံး ဆက်ဆံစကားပြောခွင့်ရရှိသည့်အလျောက် သူ၏ချို့ငဲ့ချက်ကို သိရှိလာရာတွင် (ကျောင်းဆရာလုပ်ခဲ့ဖူးသော ဝသီကြောင့်ထင်။) ဆရာတပည့်မဟုတ်ဘဲလျက်နှင့် ဆရာတပည့်အနေမျိုး ခပ်ဖိဖိ၊ ခပ်ငေါက်ငေါက် ပြောမိလာတတ်ပါသည်။(ဤသည်မှာ ကျွန်ုပ်၏ချွတ်ယွင်းချက်ဖြစ်သည်ဟု အကြွင်းမဲ့ ဝန်ခံပါသည်။) မန်းထွန်းရင်သည် ကျွန်ုပ်၏အနိုင်ကျင့်ခြင်းကို မခံချင်ရုံနှင့်မပြီးဘဲ ကိုဘငြိမ်းအား ပြောပြသည့်လက္ခဏာရှိ၏။ ကိုဘငြိမ်းနှင့်ကျွန်ုပ်သည် တစ်ကြိမ်တစ်ခါမျှ ကတောက်ကဆဖြစ်ဖူးသည်ဟု ကျွန်ုပ်မမှတ်မိဘဲ ကျွန်ုပ်အပေါ်၌ အမူအရာပြောင်းလဲလာခြင်းကို ကျွန်ုပ်ရိပ်မိလာသည်။

မော်တော်ကားဖြင့် ခရီးအတူသွားကြရသောအခါတွင် မန်းထွန်းရင်နှင့် ကျွန်ုပ် ယှဉ်တွဲကာ ထိုင်နေကျဖြစ်ပါလျက် (သူတို့နှစ်ယောက် နားလည်မှုယူထားသည့်လက္ခဏာနှင့်) ကိုဘငြိမ်းက အလယ်မှထိုင်ကာ ကျွန်ုပ်တို့နှစ်ယောက်ကို ခွဲထားပါသည်။ ကျွန်ုပ်သည် နီးကပ်စွာ ဆက်ဆံရသည့် လူများ၏ အပြုအမူကို အမှတ်မဲ့မနေဘဲ သတိထား၍ ကြည့်တတ်သည့် အလေ့အထရှိသူတစ်ယောက် ဖြစ်သည့်အလျောက် သူတို့၏လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံလေးများကို ရိပ်မိသည်နှင့် ကျွန်ုပ်ကလည်း ခပ်ခွဲခွဲ၊ ခပ်အေးအေးပင် နေခဲ့ပါတော့သည်။ သို့ရာတွင် ကိုဘငြိမ်းနှင့် ကျွန်ုပ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးသမားချင်း နီးကပ်ရင်းနှီးမှုရှိသင့်သလောက်မရှိကြဘဲ ခပ်စိမ်းစိမ်းနေလာခဲ့ကြရာ ဖဆပလအစိုးရက ကျွန်ုပ်အား ဖမ်းဆီးတိုက်ပိတ်ပြီးနောက်တွင်မှ ကိုဘငြိမ်း၏ အမူအရာပြောင်းလဲပြီး လှိုက်လှဲရင်းနှီးမှုရှိခြင်းကို ကျွန်ုပ်တွေ့ရပါသည်။ (ဤသည်တို့မှာ ကိုဘငြိမ်း၏ ချွတ်ယွင်းချက်အနေဖြင့် တင်ပြလိုခြင်းမဟုတ်။ ကျွန်ုပ်၏ဇာတာအရအားဖြင့် မိတ်ဆွေဟူသမျှသည် ပထမတွင် အထစ်အငေါ့ရှိပြီးမှနားလည်မှုရ၍ အချိန်ကာလကြာရှည်သောအခါတွင် ခင်မင်ရင်းနှီးသောအဖြစ်သို့ ရောက်တတ်ခြင်းကို သာဓကတစ်ခုအနေဖြင့် တင်ပြခြင်းမျှသာဖြစ်ပါသည်။) **ဆက်လက်ဖော်ပြပါမည်။**

## မြောက်ဥက္ကလာပမြို့နယ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်း(၅/ ၂၀၂၅)ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံရှေးဦးပြုစုခြင်းသင်တန်း (၅/၂၀၂၅)ကို ဩဂုတ်လ ၂၂ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးမြသန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ နည်းပြတစ်ဦးက အခြေခံရှေးဦးပြုစုခြင်းသင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များဖြစ်သော ကြက်ခြေနီအကြောင်း သိကောင်းစရာ၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ အဆိပ်မိခြင်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်း၊ အသက်ကယ်အထောက်အကူပြု (CPR )၊ လူနာသယ်ဆောင်ခြင်းစသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံရှေးဦးပြုစုခြင်းသင်တန်းတွင် နည်းပြနှစ်ဦးက သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဩဂုတ်လ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls)များ ကြဲချစိုက်ပျိုး

နေပြည်တော် ဩဂုတ် ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်းရှိ လွှတ်ကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောတို့အတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသော တောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကြဲချခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်တပ်ကုန်းမြို့နယ်ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း လွှတ်ကြိုးဝိုင်း အကွက်အမှတ်(၂၀) ရှိ ဧရိယာ ၁၀ ဒသမ ၄ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားငါးမျိုးဖြစ်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်း သစ်စေ့များဖြင့်ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်း အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်ဦးဟန်သူ၊ တပ်မတော်(လေ) မှတပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောရှိဧရိယာ ၈၆ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားသုံးမျိုးဖြစ်သည့် ကုလားကုက္ကို၊ ဘောစကိုင်း၊ အော်ရေးရှား သစ်စေ့များဖြင့်ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၂၀၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့် နှစ်ခေါက်ကြဲချခြင်း အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှု အထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့်သစ်စေ့မျိုးအလိုက် ပေါက်ရောက်မှု၊ ရှင်သန်နိုင်မှုအခြေအနေကို စာရင်းကောက်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး)ခြောက်ထပ်အဆင့်မြင့် ဈေးသစ်တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိ

မန္တလေး ဩဂုတ် ၂၃

ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) ခြောက်ထပ်အဆင့်မြင့် ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားပြီး စီမံကိန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညောင်ပင်သာကျေးရွာတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး GW-11၊ DU-16၊ အောင်နိုင်တိုး၊ ရွှေရင်အေးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်များသို့ရောက်ရှိပြီး တောင်သူများကို စပါးသီးနှံ၊ ဆီထွက်သီးနှံ အပါအဝင်အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနေမှုများကို ပြောကြားပြီး စမ်းသပ်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စံပြကွက်တွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စုပေါင်းကြဲပက်နေမှုများကို ကြည့်ရှုအားပေးသည်။



ထို့နောက် နောင်လှိုင်ကျေးရွာအုပ်စုရှိ ၂၀၂၅-၂၀၂၆ ခုနှစ်အစေ့ထုတ်ပြောင်းပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကွက်သို့ရောက်ရှိပြီး တောင်သူ ဦးဇင်မင်းထွဋ်၏ မိုးအစေ့ထုတ်ပြောင်းစိုက်ခင်း ၄၂ ဧကနှင့် မိုးမြေပဲစိုက်ခင်း ၁၈ ဧကတို့တွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ခမ်းကြီးရပ်ကွက်အနီး ရေဆင်းဧရိယာ ၆ ဒသမ ၆၃ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၇၀၀၀ ရှိ ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိပြီး ပြင်ဦးလွင်မြို့တွင်နေထိုင်သည့် လူဦးရေတိုးပွားလာမှုအတွက် ရေပိုမိုပေးဝေနိုင်ရန် ဆင်လမ်းဆည်အား ယခင်ကန်ရေပြည့်ရေမှတ် ၃၇၂၆ ပေမှ ယခု ၃၇၂၈ ပေ အထိ ၂ ပေ တိုးမြှင့်ရေသိုလှောင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆင်လမ်းတမံအတွင်း ရေဝင်ရောက်မှုနှင့် သောက်သုံးရေပေးဝေနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်း အနီးစခန်းဘူတာလမ်းခွဲအနီးရှိ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်တန်းများကို စနစ်တကျဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်နေသည့် အနီးစခန်းဈေးတန်း ဈေးဆိုင်ခန်းများတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အအုံ တည်ဆောက်နေမှု ဒုတိယဝန်ကြီး ဦးရဲတင့် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိစာဆိုဗိမာန်သုံးထပ်(RC) အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Myanmar land and development ltd. မှ Project ဒါရိုက်တာ ဒေါ်ယုယုနိုင်က စာဆိုဗိမာန် သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် အခန်းများပြင်ဆင်ဖွဲ့စည်းထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စာဆိုဗိမာန် တည်ဆောက်ပြီးပါက အခန်းများအတွင်း ထားသိုပြသမည့် ရုပ်တုပစ္စည်းများနှင့် ပုံများဖြင့် စာဆိုဗိမာန်၏ရုပ်လုံးကို ပေါ်လွင်လာစေရန် ပြင်ဆင်ကြရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ခင်းကျင်းမှုများကို အချိန်နှင့်တစ်ပြေးညီပြီးစီးနိုင်ရေးကြိုတင်ဆောင်ရွက်အတည်ပြုချက်ရယူ၍ လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ အဆောက်အအုံ အချိန်မီပြီးစီးရေးနှင့် ခင်းကျင်းမှုတို့ကို စာပေ/ရုပ်ရှင်/ဂီတ/သဘင် စသည့်ကဏ္ဍအလိုက် ပြည့်စုံအောင်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ခရမ်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းအခမ်းအနားကို ဩဂုတ်လ ၂၂ ရက်က ခရမ်းမြို့နယ် အမှတ်(၉) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။


အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲက အဖွင့်အမှာစကားပြော ကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာခင်ထက်ထက်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိ ပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ငလျင်လှုပ်နေစဉ်နှင့် ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန် အချက်များကို အသိပညာပေးပြောကြား သည်။ ထို့နောက် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ တပ်ဖွဲ့မှူး ဒေါ်ခင်မိုးလွင်က မိမိတို့ ပတ်ဝန်းကျင်တွင် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက သက်ဆိုင်ရာအဖွဲ့အစည်း များသို့ အရေးပေါ်ဆက်သွယ်ရမည့်ဖုန်း နံပါတ်များကို ကြိုတင်မှတ်သားထားရန် လိုအပ်ကြောင်းနှင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနည်းလမ်း များကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီး ဌာနလက်ထောက်ဦးစီးမှူး ဒေါ်မေဇင်ဖြိုး က မုန်တိုင်းဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် တွေ့ကြုံလာပါက ရှာဖွေကယ်ဆယ်ခြင်း လုပ်ငန်းများကို လက်တွေ့သရုပ်ပြခဲ့ကြ သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့မှ တာဝန်ရှိသူများ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဝင်များနှင့် ရပ်ကွက်နေပြည်သူများ တက် ရောက်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

## မိုးလေဝသ သတင်း




# (၂၆) ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲကျင်းပ

ဒေးဒရဲ ဩဂုတ် ၂၃



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလူငယ်များ မိမိနိုင်ငံ၏ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်အား မြတ်နိုးတန်ဖိုး ထား ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ (၂၆) ကြိမ်မြောက် မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ်လ ၂၂ ရက် က အမှတ် (၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ရှိ ကရဝိက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်း မောင်က မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်း သိမ်းတတ်စေရေး၊ ယခုပြိုင်ပွဲမှ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များအား ဖော် ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ် များသို့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် များ လက်ဆင့်ကမ်းနိုင်ရေး ကျင်းပခြင်း ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြား သည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာ ရေးမှူး ဒေါ်မြင့်မြင့်ခိုင်က ပြိုင်ပွဲကျင်းပ ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်း ဆွေးနွေးပြီး မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပရာ မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ် ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြ သိန်းမောင်နှင့်အဖွဲ့ဝင်များက ရွေးချယ် ရေးအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

သာစည် ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မန်ကျည်းခွ ကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ဩဂုတ်လ ၂၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြ ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်း အဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေး ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘုန်းတလုတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးအတွက် ငွေကျပ် ၂၁ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ် ကိုင်သူ ၂၃ ဦးအတွက် ငွေကျပ် ၆ ဒသမ ၇၅ သန်းနှင့် အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးအတွက် ငွေကျပ် ၂၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးအတွက် ငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရ သည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပခုက္ကူမြို့နယ်၌ အမှိုက်အမျိုးအစားလေးမျိုးခွဲခြားစွန့်ပစ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ပခုက္ကူ ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ပြည်သူများ အမှိုက်များစနစ်တကျခွဲခြား စွန့်ပစ်ခြင်းဆိုင်ရာနည်းလမ်းများကို သိရှိ နားလည်ပြီး လိုက်နာဆောင်ရွက်တတ် စေရန်ရည်ရွယ်၍ ဩဂုတ်လ ၂၂ ရက်က အသိပညာပေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်စိုးဝင်း၏ ဦးဆောင်မှုဖြင့် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဝန်ထမ်းများက ပခုက္ကူမြို့ မြို့ပေါ်ရပ်ကွက်များရှိ ရုံး၊ ဌာန၊ စာသင်ကျောင်း၊ ဈေးများ၊ ပန်းခြံများနှင့် အများပြည်သူသွားလာရာနေရာများတွင် အမှိုက်အမျိုးအစားလေးမျိုး ခွဲခြား စွန့်ပစ်ရေးဆိုင်ရာ အသိပညာပေးဆိုင်း ဘုတ်စိုက်ထူခြင်း၊ အရောင်ဖြင့်ခွဲခြား ထားသည့် အမှိုက်ပုံးများထားရှိခြင်း၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ဘေးအန္တရာယ် ရှိအမှိုက်၊ ပလတ်စတစ်အမှိုက်များကို အရောင်ဖြင့်ခွဲခြား၍ အမှိုက်သိမ်းယာဉ် များပေါ်သို့ လက်တွေ့သရုပ်ပြစွန့်ပစ် ခြင်း၊ ပြည်သူများကို အမှိုက်အမျိုးအစား အလိုက် အရောင်ဖြင့် ခွဲခြားစွန့်ပစ်ခြင်း ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ကွင်းဆင်းဆောင်ရွက် ကြသည်။

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ပြည်သူများ အမှိုက်အမျိုးအစား လေးမျိုးခွဲခြား၍ စနစ်တကျစွန့်ပစ်ရေး လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ကြ စေရန်ရည်ရွယ်ပြီး မြို့ပေါ်ရပ်ကွက် ၁၃ နေရာ၌ အသိပညာပေးဆိုင်းဘုတ် စိုက်ထူကာ အရောင်ဖြင့်ခွဲခြားထားသော အမှိုက်ပုံးများ ထားရှိပေးထားကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

**သင်းရနံ့**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကမောင်းနှင်အားသည် စီးပွားရေးကောင်းမွန်ခြင်းဖြစ်သည်။ နိုင်ငံအတွင်းတွင် ဈေးကွက်ဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မှသာ နိုင်ငံ့ဝင်ငွေမြင့်မားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကို အခြေခံသောနိုင်ငံဖြစ်သည်။ ` စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက် အခြားစီးပွားရေးကဏ္ဍများအား ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဖော်ဆောင်လျက်ရှိသည်။ ပြည်တွင်းထုတ်လုပ်မှုတိုးတက်၍ ပြည်ပပို့ကုန်ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်နိုင်မှသာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ သို့ပါ၍ မိမိတို့နိုင်ငံတော်ကြီးရွှေသီး၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအဆင့်မီ ထုတ်ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်စေမည့် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သည်ကိုတွေ့ရသည်။ အောင်မြင်အောင်လုပ်ဆောင်နိုင်ရန် ဒေသအတွင်းဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ(ဥပမာအားဖြင့် ရော်ဘာနှင့်ရော်ဘာထုတ်ကုန်ပစ္စည်းများ)ကို ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများအသုံးပြုပြီး အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့ပါက နိုင်ငံအတွက်များစွာအကျိုးပြုဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ပတ်ဝန်းကျင်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် လူဦးရေထူထပ်သော နိုင်ငံများဖြစ်ကြသည်။ ၎င်းနိုင်ငံများတွင် ဖိနပ်အဖြစ်အသုံးပြုရသည့် ရော်ဘာ၊ သားရေလိုအပ်ချက်များ မည်မျှကြီးသည်ကို တွက်ကြည့်ပါက သိမြင်နိုင်သည်။ အလားတူ ၎င်းနိုင်ငံများ၏ မော်တော်ကားမျိုးစုံ၊ ဆိုင်ကယ်မျိုးစုံအတွက် ရော်ဘာမှထွက်ရှိသည့် တာယာနှင့်ကျွတ်လိုအပ်ချက်ကို သိရှိကာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း အဆိုပါလုပ်ငန်းများအောင်မြင်စေရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဝတ်အထည်၊ ချည်မျှင်နှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံအတွင်း ဝါစိုက်ပျိုးနိုင်သည့်အတွက် ဈေးကွက်လိုအပ်ချက်ရှိသော ချည်မျှင်နှင့် အဝတ်အထည်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးသီးနှံများအတွက် အထွက်နှုန်းပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးနှင့်သီးထပ်စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်နိုင်မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် မိုးစပါးလျာထားစိုက်ဧက ၁၅ သန်း ရှိသည့်အနက် ၁၄ ဒသမ ၈၁ သန်း စိုက်ပျိုးနိုင်ခဲ့၍ နွေစပါးလျာထားစိုက်ဧကအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ စိုက်ဧက ၂ ဒသမ ၉၉ သန်းလျာထားခဲ့ရာ စိုက်ပျိုးပြီးဧကမှာ ၁ ဒသမ ၄၀ သန်းရှိသည်။ ဆီထွက်သီးနှံစိုက်ပျိုးဧက ၈ ဒသမ ၁၂ သန်း၊ ပဲမျိုးစုံ စုစုပေါင်းစိုက်ဧက ၁၀ ဒသမ ၆၂ သန်း၊ ချည်မျှင်ရှည်ဝါစိုက်ပျိုးဧက သုည ဒသမ ၅၂ သန်းနှင့် ချက်ကြံရင့်ဧက သုည ဒသမ ၄၂ သန်းတို့ကို စိုက်ပျိုးနိုင်ခဲ့သည်။ ဆီထွက်သီးနှံနှင့် အခြားသီးနှံများစိုက်ပျိုးရရှိရေးအတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ကျေးရွာပေါင်း ၆၅ ရွာတွင် လုပ်ငန်းပေါင်း ၆၈ ခုအား ရန်ပုံငွေကျပ် ၁၃၉၃ ဒသမ ၄၈၄ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး စိုက်ပျိုးဧက ၄၅၃၂ ဒသမ ၄၃ ဧကနှင့် တောင်သူပေါင်း ၁၃၆၆ ဦးကို အကျိုးပြုနိုင်ခဲ့သည်။

ထို့ပြင် ဆီထွက်သီးနှံမှတစ်ဆင့် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှစားသုံးဆီတင်သွင်းမှုကိုလျှော့ချပြီး ပြည်တွင်းမှထွက်ရှိသည့် ပဲဆီ၊ နှမ်းဆီတို့ဖြင့် အစားထိုးဆောင်ရွက်နိုင်ရေးရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ်များဖြစ်သည့် နေပြည်တော်၊ ကချင်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရှမ်း၊ ဧရာဝတီတို့ရှိ မြို့နယ် ၁၃ မြို့နယ်တွင် သမဝါယမ အသင်းပိုင်ဆီစက် ၁၅ လုံးကို တည်ထောင်ပြီး လုပ်ငန်းများပုံမှန်လည်ပတ်လျက်ရှိသည်။

> ❑ **နိုင်ငံအတွင်း နိုင်ငံသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရှိမှသာလျှင် တိုင်းပြည်သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့် Agro-based Industry ကို အဓိကထား၍ အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်မှုကို တွဲဖက်ဖော်ဆောင်ပေးလျက်ရှိသည်။**

မွေးမြူရေးကဏ္ဍတွင်လည်း ပြည်ပပို့ကုန်အနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်၌ မြန်မာနိုင်ငံမှ ဆိတ်ကောင်ရေအရှင် ၁၄၅၀ ကောင်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ မလေးရှားနိုင်ငံသို့ တရားဝင်တင်ပို့နိုင်ခဲ့သည်။ နို့စားနွားမွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်တွင်းနို့နှင့် နို့ထွက်ပစ္စည်းမြင့်မားလာစေရေးနှင့် ပြည်ပမှနို့ထွက်ပစ္စည်းတင်ပို့မှု လျှော့ကျစေရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နို့စားနွားကောင်ရေ ၄၀၅၁၀ ကောင်ကို မေထုန်မဲ့စနစ်ဖြင့် သားစပ်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ရေထွက်သယံဇာတပစ္စည်းများနှင့်ပတ်သက်၍လည်း ဈေးကွက်လိုအပ်ချက်ကြီးမားစွာရှိနေသည့်အတွက် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး နိုင်ငံတော်မှတွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ငါးမွေးမြူရေးကဏ္ဍတွင် ငါးသားပေါက် ၉၈၈ ဒသမ ၈၄၉ သိန်း ထုတ်လုပ်နိုင်ခဲ့ကာ ကောင်ရေ ၃၈၂ ဒသမ ၅၈၉ သိန်း မျိုးစိုက်ထည့်နိုင်ခဲ့ပြီး ကောင်ရေ ၆၀၆ ဒသမ ၂၆ သိန်းကို ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။ နိုင်ငံတော်အနေဖြင့် ဒေသအလိုက်ထွက်ရှိသော အလားအလာရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကိုရွေးချယ်၍ ပြည်ပသို့တင်ပို့ခြင်း၊ လိုအပ်သည့်နည်းပညာများပံ့ပိုးခြင်း၊ ချေးငွေများထုတ်ချေးပေးခြင်း၊ ဈေးကွက်ရရှိစေရန်ဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံအတွင်း နိုင်ငံသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရှိမှသာလျှင် တိုင်းပြည်သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့် Agro-based Industry ကို အဓိကထား၍ အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်မှုကို တွဲဖက်ဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းသည် MSME လုပ်ငန်းများဖြစ်ပြီး နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နိုင်သည့် MSME လုပ်ငန်းများ၏ ကုန်ထုတ်အရည်အသွေးမြှင့်တင်ဆောင်ရွက်ခြင်းနှင့် အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် MSME လုပ်ငန်းများကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာမကဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်ထုတ်လုပ်သည့် ထုတ်ကုန်များဖြစ်အောင် ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းများကို အရည်အသွေးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်မှ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးများထုတ်ချေးပေးခဲ့၍ ထပ်မံပြီးထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်စေရန် အလားအလာကောင်းသည့် နယ်ပယ်နှင့်ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက အရင်းအနှီးများထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းများအားအရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည့်အတွက် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့နိုင်ငံတော်မှ နိုင်ငံ့စီးပွားတိုးတက်စေရေးနှင့် အခြေခံပြည်သူလူထု၏ သက်သာချောင်ချိရေးအတွက် မဖြစ်မနေကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူအားလုံးကလည်း လိုက်ပါဆောင်ရွက်ရန်လိုအပ်သည်။ နိုင်ငံ့စီးပွားအားကောင်းမှသာလျှင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကာကွယ်ရေး စသည့်ကဏ္ဍအသီးသီးကောင်းမည်ဖြစ်သည်။ သို့ပါ၍ နိုင်ငံ့စီးပွားတိုးတက်ကောင်းမွန်စေရန် တစ်နည်းအားဖြင့် နိုင်ငံတော်ရွှေသီးစေရန်နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ။

# မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲကျင်းပ

ပဲခူး ဩဂုတ် ၂၃

ပဲခူးမြို့ ဥဿာမြို့သစ်ရှိတိုင်းဒေသကြီး အားကစားဥယျာဉ်မိုးလုံလေလုံအားကစားရုံ၌ ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့ နာယကဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်စိုးစိုးသက်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသမီးအားကစားအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများက အသင်းလိုက်ကိုးဦးပြိုင်ပွဲ၊ အသင်းလိုက်သုံးဦးပြိုင်ပွဲနှင့် တစ်ဦးချင်းဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော ဇီးကုန်းမြို့နယ်အသင်း၊ ဒုတိယရရှိသော ရွှေတောင်မြို့နယ်အသင်းနှင့် တတိယရရှိသော ညောင်လေးပင်မြို့နယ်အသင်း၊ အသင်းလိုက် သုံးဦးပြိုင်ပွဲတွင် တတိယရရှိသော ညောင်လေးပင်အသင်းနှင့် ဒုတိယရရှိသော ရွှေတောင်မြို့နယ်အသင်းတို့ကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်သည်။ ဆက်လက်၍ အသင်းလိုက်ကိုးဦးပြိုင်ပွဲတွင် တတိယရရှိသော ရွှေကျင်မြို့နယ်အသင်း၊ ဒုတိယရရှိသော ညောင်လေးပင်မြို့နယ်အသင်းနှင့် ပထမရရှိသော ရွှေတောင်မြို့နယ်အသင်းတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ထို့နောက် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသော ရွှေတောင်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့်ငွေသားဆုငွေကျပ်၁၀ သိန်းကို တိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်စိုးစိုးသက်က ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ်လ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိမြို့နယ်၂၈ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြောင်း သိရသည်။



(၄၀၁)၊ တင်စိုး(ပဲခူး)

# ပုံမှန်သွားတိုက်သောအလေ့အကျင့်နှင့် ကျန်းမာသန့်စွမ်းသော နှလုံးသားလက်ဆောင်

ခံတွင်းကျန်းမာရေးသည် ကလေးများနှင့် ဆယ်ကျော်သက်များကဲ့သို့ပင် လူကြီးများ၏ ကိုယ်၊စိတ်နှစ်ပါး ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည်။ ခံတွင်းကျန်းမာရေးကိုထိန်းသိမ်းရန် အိပ်ရာနိုးထပြီးနောက် သွားတိုက်ခြင်းသည် ငယ်စဉ်ကလေးဘဝအလေ့အထမှလာသော အပြုအမူတစ်ခုဖြစ်သည်။လူကြီးတော်တော်များများက နံနက်စာမစားမီ သွားတိုက်ရန်သင်ပေးသော်လည်း အိပ်ရာမဝင်မီသွားတိုက်ရန်အတွက် သင်ပေးရန်အားနည်းတတ်ကြသည်။ တစ်နေ့တစ်ကြိမ်သွားတိုက်ခြင်းသည် ညစာစားပြီးနောက် သို့မဟုတ် အိပ်ရာမဝင်မီတွင် သွားတိုက်ခြင်းကိုအဓိပ္ပာယ်ဖွင့်ဆိုနိုင်သော်လည်း လက်တွေ့တွင် လူလတ်ပိုင်းနှင့်အသက်ကြီးပိုင်းများသည် ညဘက်တွင်သွားမတိုက်ဘဲ နံနက်စာမစားမီ တစ်ကြိမ်သာပုံမှန်သွားတိုက်သည်ကို တွေ့ကြုံရသည်။ လူအများစုသည် နံနက်အချိန်တွင် ခံတွင်းမစင်ကြယ်ဟု ထင်မြင်ကြသောကြောင့် နံနက်စာမစားမီ သွားတိုက်လေ့ရှိကြသည်။

### သွားတိုက်ခြင်းနှင့် ကျန်းမာရေး

ခံတွင်းသန့်ရှင်းမှုအတွက် သွားတိုက်သောအကြိမ်ရေသာမက ခံတွင်းသန့်ရှင်းရေးစနစ်တကျပြုလုပ်ခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ တစ်နေ့တစ်ကြိမ်သာ သွားတိုက်သူများသည် အစာစားပြီးနောက်သွားတိုက်ခြင်းကို ကျော်သွားကာ သွားနှင့်ခံတွင်းစောင့်ရှောက်မှုကို ယေဘုယျအားဖြင့် စိတ်ပါဝင်စားမှုနည်းပါးကြသည်။ ခံတွင်းအတွင်း စားကြွင်းစားကျန်များ တစ်နေ့တာလုံးဆက်ရှိနေနိုင်သဖြင့် ညဘက်သွားမတိုက်သောလူများတွင် ခံတွင်းသန့်ရှင်းရေးညံ့ဖျင်းခြင်းကြောင့် သွားဖုံးရောဂါနှင့် သွားပိုးစားခြင်းဖြစ်လာနိုင်သည်။ အစာစားပြီးနောက် သွားတိုက်ခြင်းအပါအဝင် ခံတွင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို လျစ်လျူရှုခြင်းသည် အချိန်ကြာလာသည်နှင့်အမျှ အန္တရာယ်ရှိသောဗက်တီးရီးယားများ တိုးပွားလာစေပြီး ရေရှည်တွင် နှလုံးအပါအဝင် ခန္ဓာကိုယ်အနှံ့ရောင်ရမ်းမှုကိုဖြစ်စေပြီး ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်လာနိုင်သည်။

### ခံတွင်းမှ ဗက်တီးရီးယားများ နှလုံးသို့ရောက်သွားပြီး နာတာရှည်နှလုံးပြဿနာများကို ဖြစ်စေနိုင်ခြင်း

သုတေသနပြုချက်များအရ ညစဉ်သွားတိုက်ခြင်းကို လျစ်လျူရှုခြင်းသည် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေကို တိုးမြင့်စေသည်ဟု ဆိုသည်။ တံတွေးသည် ဗက်တီးရီးယားများကို ဖယ်ရှားပေးသော်လည်း ညဘက်အိပ်နေစဉ်အတွင်း တံတွေးထုတ်လုပ်မှုလျော့နည်းသွားကာ အန္တရာယ်ရှိသောအရာများကို ဆေးကြောပေးပြီး အက်စစ်များကို ချေဖျက်ပေးနိုင်သည့် သဘာဝစွမ်းရည်ကို လျော့နည်းစေသည်။ ထို့ကြောင့် ခံတွင်းအတွင်းအန္တရာယ်ရှိသော ဗက်တီးရီးယားများ ပွားများနိုင်ရန် အခွင့်သာပြီး အထူးသဖြင့် သွားဖုံးသွေးယိုခြင်း သို့မဟုတ် သွားဖုံးရောဂါရှိသူများတွင် ဗက်တီးရီးယားများသည် သွေးကြောထဲသို့ စိမ့်ဝင်နိုင်ပြီး ခန္ဓာကိုယ်အနှံ့ရောင်ရမ်းခြင်းနှင့်နှလုံးအတွင်းလွှာ ပိုးဝင်ခြင်းကဲ့သို့သော နာတာရှည်နှလုံးပြဿနာများကို ဖြစ်စေနိုင်သည်။ အိပ်ရာမဝင်မီသွားတိုက်ခြင်းဖြင့် ဗက်တီးရီးယားများကို ဖယ်ရှား

**"သုတေသနပြုချက်များအရ ညဘက်သွားတိုက်ခြင်းဖြင့် ခံတွင်းထဲသို့ ဗက်တီးရီးယားပိုးများဝင်ခြင်းကို လျှော့ချပေးနိုင်ကြောင်းထောက်ပြထားသည်။ နှလုံးကျန်းမာရေးအတွက် အထူးသဖြင့် နံနက်ခင်းတွင် သွားတိုက်ခြင်းထက် ညဘက်တွင် သွားတိုက်ခြင်းက ပိုအရေးကြီးသည်. . ."**

ပေးနိုင်ပြီး ရောင်ရမ်းမှုအန္တရာယ်ကိုလျှော့ချပေးသည်။ လေ့လာမှုများအရ ညဘက်သွားတိုက်သူများသည် သွားမတိုက်သောသူများထက် နှလုံးသွေးကြောဆိုင်ရာရောဂါ ဖြစ်ပွားနိုင်ခြေနည်းပါးကြောင်း သိရသည်။

### ပိုအရေးကြီးသော ညဘက်သွားတိုက်ခြင်း

နံနက်ခင်းမှသာသွားတိုက်သူများသည် အစာစားပြီးနောက် ခံတွင်းသန့်ရှင်းရေးကိုလျစ်လျူရှုထားခြင်းကြောင့် အန္တရာယ်ရှိသော ဗက်တီးရီးယားများစုပုံလာပြီး ရောင်ရမ်းမှုကို တိုးလာစေသည်။ သုတေသနပြုချက်များအရ ညဘက်သွားတိုက်ခြင်းဖြင့် ခံတွင်းထဲသို့ဗက်တီးရီးယားပိုးများဝင်ခြင်းကို လျှော့ချပေးနိုင်ကြောင်းထောက်ပြထားသည်။ နှလုံးကျန်းမာရေးအတွက် အထူးသဖြင့် နံနက်ခင်းတွင် သွားတိုက်ခြင်းထက် ညဘက်တွင် သွားတိုက်ခြင်းက ပိုအရေးကြီးသည်။ မကြာသေးမီက ဂျပန်နိုင်ငံတွင် လေ့လာမှုတစ်ခုအရ ဆေးရုံတက်လူနာပေါင်း ၁၅၀၀ ကျော်ကို မေးမြန်းစုံစမ်းခဲ့ရာ နံနက်ခင်းတွင်သာ သွားတိုက်သူများသည် နံနက်ရော ညပါ သွားတိုက်သူများထက် နှလုံးသွေးကြောဆိုင်ရာပြဿနာများ ဖြစ်နိုင်ခြေပိုများကြောင်း တွေ့ရှိခဲ့သည်။ International Journal of Environmental Research and Public Health တွင် ထုတ်ဝေသည့် လေ့လာမှုတစ်ခုအရ ညဘက်တွင်သွားတိုက်ခြင်းသည် ခံတွင်းရှိ ဗက်တီးရီးယားများကြောင့်ဖြစ်နိုင်သော ရောင်ရမ်းမှုအန္တရာယ်ကိုလျှော့ချပေးခြင်းဖြင့် နှလုံးကျန်းမာရေးကိုကာကွယ်နိုင်သဖြင့် ရိုးရှင်းသော်လည်း ထိရောက်သောနည်းလမ်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

အမေရိကန်သွားဘက်ဆိုင်ရာအသင်းက သွားနှင့်ခံတွင်းကျန်းမာရေးသည် လူတစ်ဦးချင်းစီ၏အထွေထွေကျန်းမာရေးနှင့်ဘဝအရည်အသွေးအတွက် မရှိမဖြစ်လိုအပ်သည်ဟုယူဆပါသည်။ ခံတွင်းသန့်ရှင်းရေးကောင်းမွန်မှုသည် နှလုံးရောဂါဖြစ်ပွားမှုနည်းပါးခြင်း၊ ဆေးရုံတက်ကုသရမှုနည်းပါးခြင်း၊ ထိခိုက်လွယ်သောအုပ်စုများတွင် အသက်အန္တရာယ်ဆိုင်ရာပိုမိုကောင်းမွန်သောကျန်းမာရေးရလဒ်များ ရရှိစေခြင်းအပြင် အရွယ်ရောက်ပြီးသူများတွင် ခံတွင်းကျန်းမာရေးနှင့် အထွေထွေကျန်းမာရေးသည် ရေတိုနှင့်ရေရှည်တွင် အပြန်အလှန်သက်ရောက်မှုရှိကြောင်း ထောက်ပြခဲ့သည်။ အဖြစ်များသောခံတွင်းရောဂါများသည် လူနေမှုဘဝအပေါ် သိသိသာသာသက်ရောက်မှုရှိနိုင်သည်။ သွားများဆုံးရှုံးခြင်းသည် မှုတသောအစာစားခြင်း၊ စကားပြောခြင်း၊ ဝါးခြင်း၊ မျိုချခြင်းနှင့် ပြုံးခြင်းတို့ကိုထိခိုက်စေပြီး နေမကောင်းဖြစ်ခြင်းကြောင့် ပုံမှန်ထက်စော၍ သေဆုံးခြင်းနှင့် ဆက်စပ်နေသည်။

သုတေသနပြုချက်များအရ ခံတွင်းသန့်ရှင်းရေး၊ အထူးသဖြင့် အိပ်ရာမဝင်မီ သွားသန့်ရှင်းရေးလုပ်ခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာပြဿနာများဖြစ်နိုင်ခြေကိုလျော့ကျစေခြင်းနှင့် ကျန်းမာရေးကို တိုးတက်စေခြင်းအပါအဝင် ကောင်းမွန်သော ကျန်းမာရေးရလဒ်များ ရရှိစေသောဆက်စပ်မှုကို အကြံပြုထားသည်။ ညအချိန်သွားတိုက်ခြင်းကို ရှောင်ကြဉ်ခြင်းသည် အစာအမှုန်အမွှားများ၊ သကြားများနှင့် ဗက်တီးရီးယားများကို ၇-၈ နာရီကြာ တစ်ညလုံးအနှောင့်အယှက်ကင်းစွာ ကြီးထွားနေစေပြီး သွားဖုံးပိုးဝင်ခြင်း သို့မဟုတ် သွားနှင့်ခံတွင်းဆိုင်ရာပြဿနာများကို ပိုမိုဆိုးရွားလာစေနိုင်သည်။ ညအချိန်ခံတွင်းသန့်ရှင်းရေးပြုလုပ်ခြင်းသည် ခံတွင်းအတွင်းရှိ ဗက်တီးရီးယားများကြီးထွားမှုကိုထိန်းချုပ်ရန်ကူညီပေးသည့်အတွက် ကျန်းမာရေးပြဿနာအမျိုးမျိုးကိုလျော့နည်းစေသည်။

### အကျိုးကျေးဇူးကြီးမားသော သွားတိုက်ခြင်းအလေ့အကျင့်လေးတစ်ခု

သွားတိုက်ခြင်းနှင့် သွားပွတ်ကြိုးပုံမှန်သုံးပေးခြင်းသည် သွားများကို ကျန်းမာသန့်စွမ်းစေသည်။ ခံတွင်းကျန်းမာရေးကို နေ့စဉ်ဂရုစိုက်ခြင်းသည် အချိန်ကြာလာသည်နှင့်အမျှ အကျိုးကျေးဇူးများကြောင်း တွေ့ရှိလာသဖြင့် နှလုံးရောဂါမဖြစ်စေရန်အတွက် ခံတွင်းကျန်းမာရေးကို ယခင်ကထက်ပိုဂရုစိုက်ရန် အရေးကြီးပါသည်။ တစ်နေ့တာကုန်ဆုံးပြီး ညရောက်သည့်အခါ ရိုးရှင်းသော်လည်း ထိရောက်သော သွားတိုက်သည့်အလေ့အကျင့်ကို ထိန်းသိမ်းရန် အကြံပြုပါသည်။

အချုပ်ဆိုရသော် ညအိပ်ရာမဝင်မီ သွားတိုက်ခြင်းအပါအဝင် တစ်နေ့နှစ်ကြိမ်သွားတိုက်ပေးခြင်းဖြင့် ခံတွင်းနှင့် ရေရှည်နှလုံးကျန်းမာရေးကို ကာကွယ်ပေးနိုင်သည့် အစွမ်းထက်သော အလေ့အကျင့်တစ်ခုအတွက် ကျန်းမာသန့်စွမ်းသောနှလုံးသားကို လက်ဆောင်ရရှိနိုင်ပါသည်။ ညတိုင်းမိနစ်အနည်းငယ်သွားတိုက်ပေးခြင်းဖြင့် ကျန်းမာသန့်စွမ်းသောနှလုံးသားကိုပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးသုတမျှဝေလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

သထုံ ဩဂုတ် ၂၃

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၂ ရက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ)၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး၊ Social Media များမှ သတင်းတု၊ သတင်းမှားများကို သတိပြုနိုင်ရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေးနှင့် အောင်မြင်သော လူငယ်တစ်ဦး ဖြစ်လာစေရေးအတွက် လိုက်နာသင့်သည့် အချက်ကိုးချက်ကို ဆွေးနွေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဟောပြောသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြသည်။



အဆိုပါအခမ်းအနားသို့ သထုံခရိုင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းကြိုင်၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးလောင်းထန်နှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**ချမ်းမြေ့**

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric ကောက်ယူခြင်းနှင့် UID များဆောင်ရွက်ပေးလျက်ရှိ

ကော့ကရိတ် ဩဂုတ် ၂၃

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာထုတ်ယူရာတွင် အဆင်ပြေစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများသည် Biometric အချက်အလက်များကောက်ယူပြီး UID ကတ်များဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ်လ ၂၂ ရက်နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို UID ကတ်များဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက ဌာနဆိုင်ရာအသီးသီးမှအငြိမ်းစားယူခဲ့သည့်နိုင်ငံ့ဝန်ထမ်းများအား UID ကတ်များဆောင်ရွက်ပေးနေသည့်မြန်မာ့စီးပွားရေးဘဏ်သို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၂၅ ဓမ္မပူဇာတေး
၃။ ၁၀:၀၀ တစ်ပတ်အတွင်း အားကစားသတင်း
၄။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၅။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၆။ ၁၆:၀၀ မျိုးချစ်တပ်မတော်
၇။ ၁၇:၀၀ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၉။ ၁၈:၃၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၀။ ၁၉:၀၀ **CGTN Nature အပိုင်း(၂၁)**

**MWD Variety Channel**

၂၄-၈-၂၀၂၅ (တနင်္ဂနွေနေ့)

၁။ ၀၉:၁၅ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၂။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၃။ ၁၆:၁၅ သုတေသနမှသည်...သမိုင်းမှတ်တိုင်ဆီသို့
၄။ ၁၇:၅၀ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

## သာစွဌာနီမြန်မာပြည်

❖ သာစွထွေထွေ၊ မြန်မာ့မြေဝယ်
ရွှေစေတီများ၊ ပေါကြွယ်ပွားလို့
အများပြည်သူ၊ ကိုးကွယ်တူသည်
အယူအဆ လွန်လှပ။

❖ ကျွန်းသစ်ရေနံ၊ ကျောက်စိမ်းရံသည်
ဆန်ရေစပါး၊ လွန်ထွက်များလို့
တိုင်းခြားနိုင်ငံ၊ ပို့နိုင်ပြန်သည်
ပိုလျှံကြွယ်ဝ လွန်လှပ။

❖ ပင်လယ်မြစ်ချောင်း၊ ပြည့်စုံကောင်းလို့
အပေါင်းအဖော်၊ ရေမှာပျော်သည်
လှေလှော်အားစမ်း၊ တံငါလမ်းတွင်
ငါးဖမ်းနေကြ လွန်လှပ။

❖ လယ်ယာကျယ်ဝန်း၊ မြေဖြာထွန်းလို့
သွန်းဖြိုးရွာစွေ၊ ငွေမိုးရေကြောင့်
ဝါရွှေစပါး၊ နှစ်သီးစားကာ
အများလှူကြ လွန်လှပ။

❖ ပဲပြောင်းနှမ်းဝါ၊ ထွက်သည့်ရွာမှာ
မြေယာအခင်း၊ ပြည့်စုံခြင်းကြောင့်
ရွှေဝင်းစိန်ငွေ၊ လက်ထဲဝေသည်
နေပျော်ရွှင်ပျ လွန်လှပ။

❖ အလုပ်သမား၊ ပြည်သူများလည်း
အားမာန်ကိုရုံ၊ လုံ့လသန်လို့
မှန်စွာကြိုးစား၊ ပြည်တိုးပွားသည်
ရိုးသားဘဝ လွန်လှပ။

❖ တိုင်းပြည်ကာကွယ်၊ ရန်သွယ်သွယ်ကို
တွန်းဖယ်ပစ်သည်၊ ရဲစစ်သည်မှာ
သေသည်မကြောက်၊ ဒူးမထောက်ဘဲ
စောင့်ရှောက်နေကြ လွန်လှပ။

❖ စစ်သားစစ်သည်၊ ပေါင်းစုညီကာ
မြန်ပြည်ရန်ဆိုး၊ ကာကွယ်မျိုးမို့
အဖိုးတန်ပေ၊ ရဲရင့်လေသည်
စေတနာက လွန်လှပ။

❖ တောရပ်ရွာလူ၊ စိတ်ဓာတ်တူလို့
အလှူလုပ်ကြ လွန်လှပ။

❖ မြို့နေပြည်သူ၊ သဘောဖြူလို့
ကူညီပေးကြ လွန်လှပ။

❖ တိုင်းပြည်ရဲ့မူ၊ လိုက်နာသူမို့
မပူဘဝ လွန်လှပ။
အတူနေကြ ထာဝရ။ ။

**မောင်မောင်ကျော်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နမ့်စန်မြို့နယ်၊ လင်းခေးမြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ လင်းခေးမြို့နယ်၊ ကွန်ဟိန်းမြို့နယ်နှင့် လဲချားမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဩဂုတ်လ ၂၂ ရက်ညနေပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ်၊ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာဟာရပြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို အသီးသီးပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဩဂုတ် ၂၃

| | | | |
|---|---|---|---|
| ချောက် | ၃၇ | ၁၁ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၆ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၆ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၆ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ၈ | ဒီဂရီဆဲလ်စီးယက် |

(Columns: temperature in ၃၇ ၁ ... printed as "၃၇ ဒသမ ၇" style)

# အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးကေ ၁၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး



အိမ်မဲ ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးကေ ၁၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားကေ ၁၄၃၀၁၀ ကို မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ၁၁၉၅၄၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ မိုးစပါးကေ ၁၄၃၀၁၀ အထိ လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိမှာ ၁၁၉၅၄၆ ကေ စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့ပြင် စိုက်ပျိုးထားတဲ့စပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပေါင်းစပ်ဆောင်ရွက်ပေးနေပါတယ်" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပေါ်ဆန်းမွှေး၊ ရက် ၉၀၊ ဗျောက်သုခ၊ GW-11၊ GW-1၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံကား၊ မြီးတုံး စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးနေကြောင်း၊ အဆိုပါစိုက်ပျိုးနေသည့် စပါးများ အထွက်နှုန်းကောင်းမွန်စေရန်၊ အပျက်အစီးအလေအလွင့်မရှိစေရန်၊ တစ်ကေချင်းစပါးအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဖာပွန် ဩဂုတ် ၂၃

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။


ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူကိုးဦး စုစုပေါင်း အသင်းသား ၄၂ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၁၃ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

● **ကျောဖုံးမှအဆက်**

မုန်တိုင်း၏အကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဩဂုတ်လ ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်- အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင်ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**




◆ **ရှေ့ဖုံးမှအဆက်**

အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများအား အထူးအစီအစဉ်ဖြင့် ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း (Special Immunization Activities) အမီလိုက် (Big Catchup) နည်းလမ်းဖြင့် ထိုးနှံပေးတိုက်ကျွေးပေးလျက်ရှိရာ ဇူလိုင်လ ၂၅ ရက်မှ ဩဂုတ်လ ၂၂ ရက်အထိ နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၀၃၁ ဦးကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ပြီး အသက်ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ် အသက် ၁၅ နှစ်အောက်ကလေး ၁၆၀၀ ဦးအား လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## နိပါတ်တော်လာ သိမှတ်စရာ

# အောင်သူနှစ်ဦး (ကုဒ္ဒါလဇာတ်)

သူဆင်းရဲလယ်သမားမှ ရဟန်းပြုသော စိတ္တဟတ္ထမထေရ်သည် သာသနာတော်၌ ကြာကြာမနေနိုင်ဘဲ လူထွက်သွား၏။ တစ်ဖန် သာသနာတော်အတွင်းသို့ ဝင်လာပြန်၏။ ခြောက်ကြိမ်မြောက်လူထွက်၍ ခုနစ်ကြိမ်မြောက် ရဟန်းပြုလာခါမှ အဘိဓမ္မာတရားများပို့ချ၍ ဝိပဿနာတရားပွားများကာ ရဟန္တာဖြစ်လေ၏။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားရှင်သည် ဤအတိတ်ဇာတ်ကို ဆောင်တော်မူ၏။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ်ဘုရားလောင်းသည် ဟင်းသီးဟင်းရွက်ရောင်းဝယ်စားသောက်ရသောအမျိုး၌ ဖြစ်၍နေ၏။ သူ့ထံတွင် ပစ္စည်းဆို၍ ပေါက်တူးတစ်လက်သာ ပိုင်ဆိုင်မှုရှိသဖြင့် ကုဒ္ဒါလပဏ္ဍိတဟု အမည်တွင်၏။ ဘူး၊ ဖရုံ၊ သခွား၊ ချဉ်ပေါင် စသော စားသောက်ပင်များစိုက်ပျိုး၍ ရရှိလာသော အသီးအရွက်များကို ရောင်းချခြင်းဖြင့် သူ့ဘဝဝန်ကို ထိန်းကျောင်းလေ၏။

တစ်နေ့သောအခါ လူဝတ်ကြောင်ဘဝ၏ အကျိုးမများပုံကိုမြင်မိ၍ ရသေ့ဘဝသို့ စိတ်ညွတ်လာ၏။ ထို့ကြောင့် မိမိပိုင်ပေါက်တူးကို တစ်နေရာတွင် လုံခြုံစွာသိမ်းဝှက်၍ ရသေ့ပြုလိုက်၏။ သို့ရာတွင် ပေါက်တူးအပေါ် စိတ်ပိုင်းဖြတ်နိုင်မှုမရှိဘဲ စွဲလမ်းနေသဖြင့် လူထွက်လေ၏။ ဤသို့ဖြင့် သူသည် ခြောက်ကြိမ်တိုင်တိုင်ရသေ့ပြု၍ ခြောက်ကြိမ်တိုင်တိုင် လူပြန်ထွက်လေ၏။



ခုနစ်ကြိမ်မြောက် ရသေ့ပြုမည်ကြံသောအခါ ငါအကြိမ်ကြိမ် လူထွက်နေရသည်မှာ အသွားတုံးနေပြီဖြစ်သော ပေါက်တူးတစ်လက်အပေါ် စိတ်မပြတ်နိုင်သောကြောင့်ဖြစ်သည်ဟုဆင်ခြင်မိလာ၏။ ထို့ကြောင့်သည်တစ်ကြိမ်တွင်မူ နောက်ဆုံးဖြစ်ရမည်ဟုဆုံးဖြတ်၍ ပေါက်တူးကို မြစ်ကမ်းနားသို့ ယူဆောင်လာ၏။ မြစ်ကမ်းစပ်သို့ရောက်လျှင် မျက်လုံးအစုံကိုမှိတ်၍ ပေါက်တူးကို အရိုးမှကိုင်ကာ ဦးခေါင်းထက်တွင် သုံးကြိမ်ဝှေ့ယမ်းပြီးသော် မြစ်လယ်သို့ပစ်ချလေ၏။

ထို့နောက် "ဝုန်းခနဲ" ပေါက်တူးကျသွားသံနှင့်အတူ "ငါအောင်ပြီ၊ ငါအောင်ပြီ" ဟု သုံးကြိမ်ကျယ်လောင်စွာ ကြွေးကြော်လိုက်၏။ ထိုအသံသည် ဝန်းကျင်တစ်ခွင်သို့ မြည်ဟည်းသွား၏။

ယင်းအခိုက် နယ်ခြားစစ်ပွဲတွင် အောင်ပွဲခံ၍ ပြန်လာသော ဗာရာဏသီမင်းသည် အနီးအနားမှ ဖြတ်သွားစဉ် ထိုသူ၏ကြွေးကြော်သံကိုကြားမိလေ၏။


ထိုအခါ ကုဒ္ဒါလပဏ္ဍိတကို ခေါ်ယူပြီး "အချင်းယောကျ်ား၊ ငါသည် စစ်မြေပြင်၌ အောင်ပွဲရခဲ့သည်။ သင်သည်အဘယ်ကို အောင်သနည်း" ဟု အမေးရှိသော် ကုဒ္ဒါလပဏ္ဍိတက "မြတ်သောမင်းကြီး၊ မင်းကြီးသည် စစ်ပွဲပေါင်း ရာထောင်ချီ၍ အောင်မြင်သော်လည်း ကိလေသာတို့ကို မအောင်မြင်သေး။ မင်းကြီး၏ အောင်ပွဲသည် ကောင်းသောအောင်ခြင်းမဟုတ်။ အကျွန်ုပ်သည်ကား မိမိ၏ကိုယ်တွင်းမှ ကိလေသာတို့ကို အောင်ပွဲခံခဲ့ပြီ" ဟု လျှောက်တင်၏။

ယင်းနောက် မြစ်ရေပြင်ကိုကြည့်လျက် အာပေါကသိုဏ်းရှုရာ ထိုခဏတွင်ပင် ဈာန်အဘိညာဉ်ရရှိပြီး ကောင်းကင်တွင်ရပ်၍ မင်းကြီးကို တရားဟောလေ၏။ မင်းကြီးလည်း ကုဒ္ဒါလပဏ္ဍိတဟောသော တရားကို သဘောကျ၍ ကုဒ္ဒါလပဏ္ဍိတနှင့်အတူ ရသေ့ဝတ်၏။ မင်းမှုထမ်းတို့သည်လည်း အတူလိုက်ပါ၍ ရသေ့ဝတ်ကြလေ၏။

ဇာတ်ပေါင်းသော် ကုဒ္ဒါလပဏ္ဍိတ၏ ပရိသတ်သည် ဗုဒ္ဓ၏ ပရိသတ်၊ ကုဒ္ဒါလပဏ္ဍိတသည် ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် အတွင်းရန်ကို အောင်မြင်ခြင်းသည် အပြင်ရန်ကိုအောင်မြင်ခြင်းထက် ပို၍မွန်မြတ်သည်ဖြစ်သောကြောင့် မိမိတို့၏အပြုအမူ၊ အပြောအဆို၊ အနေအထိုင်နှင့်တကွဖြစ်သော ကိုယ်ကျင့်တရားအရာ၌ မကျိုးမပေါက်အောင် စောင့်ထိန်းလိုက်နာ၍ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးလျက် ကောင်းကျိုးကိုယ်၌ တည်ကြရမည်ဖြစ်ပါသည်။ ။

**သုတကြွယ်**

## ရယ်စရာပုံ



## ငါးရာ့ကိုးဆယ်

ကိုဖိုးစည်တို့လင်မယား လှည်းတစ်စီးနဲ့ လယ်ထဲကို နွားချေးသွားချကြတာပေါ့။ လယ်စပ်အနားရောက်တော့ မြောင်းပေါင်ရိုး ပုစွန်လုံးတွင်းပေါက်ကနေ ဘယ်အချိန်ကတည်းက ရေစိမ့်နေတယ် မသိဘူး။ လယ်တစ်ပိုင်းလုံး ရွှံ့ပြင်ဖြစ်နေပြီ။ မယားဖြစ်သူ မိနှောင်းက သတိပေးတယ်။

"ကိုဖိုးစည် ခြောက်ရာကမောင်းနော်။ ကျုပ်တို့လှည်းဘီး ဗွက်နစ်သွားဦးမယ်တော့"

"အေးပါဟ" လို့ ပြောနေရင်းတန်းလန်းမှာပဲ လှည်းဘီးတစ်ဖက်ဗွက်ထဲ ကျွံသွားပါလေရော။ မိနှောင်းက ကိုဖိုးစည်ကျောကို အုံးခနဲတစ်ချက်ထုလိုက်ပြီး–

"ခြောက်ရာကမောင်းပါလို့ ကျုပ်ပြောနေတဲ့ကြားထဲကတော်" ကိုဖိုးစည်ကတော့ သွားဖြဲကြီးနဲ့ပေါ့။

"အဟီး…ငါကလည်း ငါးရာ့ကိုးဆယ်လောက်ဆို ရမယ်ထင်တာကိုးဟ" တဲ့။ ။

**ဖိုးစလုံး**

## မြန်မာ့ရိုးရာ စကားထာ

# စိတ်တွက်စကားထာ

အချို့စကားထာတွေက ရိုးရိုးလေးစဉ်းစားပြီး ဖြေလို့မရဘူး။ စိတ်တွက်နဲ့တွက်ပြီးဖြေမှ အဖြေမှန်ကိုရပါတယ်။ "ခိုခွဲ၊ ဝမ်းဘဲငါးကျပ်၊ စာတစ်မတ်" ဆိုတဲ့ စကားထာမျိုးပါပဲ။

ငွေအစိတ်နဲ့ တိရစ္ဆာန်အကောင်ရေအစိတ်ရအောင် ဝယ်ပေးပါလို့ ခိုင်းတဲ့စကားထာမျိုးပါ။ ဝယ်ရမယ့်တိရစ္ဆာန်အမျိုးအစားကလည်း သုံးမျိုးပါ။ ခိုရယ်၊ ဝမ်းဘဲရယ်၊ စာကလေးရယ်ပါ။ အဲဒီတိရစ္ဆာန်တစ်ကောင်ချင်းစီရဲ့တန်ဖိုးကတော့ "ခိုခွဲ၊ ဝမ်းဘဲငါးကျပ်၊ စာတစ်မတ်"လို့ ပြောပြပါတယ်။

ဒီစကားထာထဲမှာပါတဲ့ အစိတ်တို့၊ ခွဲတို့၊ တစ်မတ်တို့ဆိုတာက ရှေးအရင်ကာလတွေမှာ တွင်တွင်ကျယ်ကျယ်သုံးခဲ့တဲ့ မြန်မာ့ဝေါဟာရစကားလုံးတွေပဲဖြစ်ပါတယ်။ အဲ့ဒီဝေါဟာရစကားလုံးတွေရဲ့အဓိပ္ပာယ်ကိုမသိဘဲနဲ့ဖြေလို့မရနိုင်ပါဘူး။ သိထားမှဖြေနိုင်မှာပါ။

အစိတ်ဆိုတာက တစ်ရာရဲ့လေးပုံတစ်ပုံဖြစ်ပါတယ်။ တစ်ရာရဲ့လေးပုံတစ်ပုံက နှစ်ဆယ့်ငါးနဲ့ ညီမျှတယ်။ ငွေကျပ်တစ်ရာရဲ့ လေးပုံတစ်ပုံဆိုတော့ နှစ်ဆယ့်ငါးကျပ်ပေါ့။ အဲဒီနှစ်ဆယ့်ငါးကျပ်ကို ငွေအစိတ်လို့လည်း ပြောကြတယ်။ တိရစ္ဆာန်အကောင်တစ်ရာရဲ့လေးပုံတစ်ပုံကလည်း နှစ်ဆယ့်ငါးကောင်ပါပဲ။ အဲဒီအကောင်နှစ်ဆယ့်ငါးကောင်ကို အကောင်အစိတ်လို့ပြောကြပါတယ်။

စကားထာထဲက ခိုတစ်ကောင်ရဲ့တန်ဖိုးက "ခွဲ" တဲ့။ ခွဲဆိုတာက ငွေတစ်ကျပ်ကို ထက်ဝက်ခွဲလိုက်တာပါ။ ငွေတစ်ကျပ်မှာ ပြားတစ်ရာရှိတယ်။ ပြားတစ်ရာကို ထက်ဝက်ခွဲလိုက်တော့ ပြားငါးဆယ်ရတာပေါ့။ ပြားငါးဆယ်ကို ငါးမူးလို့လည်းပြောကြတယ်။ ငါးမူးနဲ့ ပြားငါးဆယ်က အတူတူပါပဲ။ ခိုတစ်ကောင်က ငါးမူး၊ ဒါမှမဟုတ် ပြားငါးဆယ်တန်တယ်။ ဝမ်းဘဲတစ်ကောင်က ငါးကျပ်တန်တယ်။ စာတစ်ကောင်ရဲ့တန်ဖိုးကတော့ တစ်မတ်တဲ့။ တစ်မတ်ဆိုတာက ငါးမူးရဲ့တစ်ဝက်။ ငါးမူးရဲ့တစ်ဝက်ဆိုတော့ ပြားငါးဆယ်ရဲ့ တစ်ဝက်ပါ။ နှစ်ဆယ့်ငါးပြားနဲ့ညီပါတယ်။ တစ်မတ်ဆိုတာ နှစ်ဆယ့်ငါးပြားပါပဲ။ ဒါကြောင့် စာတစ်ကောင်က တစ်မတ်၊ ဒါမှမဟုတ် နှစ်ဆယ့်ငါးပြားတန်ပါတယ်။

ခိုတစ်ကောင်ကို ပြားငါးဆယ်နဲ့ ၁၈ ကောင်ဝယ်မယ်။ ၉ ကျပ်ကုန်ပြီ။ တစ်ဆယ့်ခြောက်ကျပ် ကျန်တယ်။ ကျန်တဲ့ငွေကို ဝမ်းဘဲတစ်ကောင် ၅ ကျပ်နဲ့ ၃ကောင်ဝယ်မယ်။ ၁၅ ကျပ်ဖိုး။ ခို ၁၈ ကောင် ၉ ကျပ်ဖိုးနဲ့ ဝမ်းဘဲ ၃ ကောင် ၁၅ ကျပ်ဖိုးဝယ်လိုက်တော့ ၂၄ ကျပ်ကုန်ပြီ။ တစ်ကျပ်ပဲကျန်တယ်။ ဝယ်ပြီးသားအကောင်က ၂၁ ကောင်ရှိပြီ။ ကျန်တဲ့ငွေတစ်ကျပ်ကို စာတစ်ကောင်တစ်မတ်နဲ့ စာ ၄ ကောင်ဝယ်လိုက်ရော။ လက်ထဲမှာရှိတဲ့ ငွေအစိတ်လုံးကုန်သွားပြီ။

ဝယ်ပြီးသားအကောင်တွေကို ရေတွက်လိုက်တော့အကောင်အစိတ်ရှိတယ်။ အဲဒီလိုစိတ်တွက်တွက်ပြီးဝယ်လိုက်တော့ ငွေအစိတ်နဲ့အကောင်အစိတ်ရတာပေါ့။

အဲဒီလိုစကားထာက စိတ်တွက်နည်းကို အခြေခံထားတာပါ။ စိတ်နဲ့တွက်ပြီး ဖြေရပါတယ်။ စိတ်တွက်သင်္ချာတွက်နည်းနဲ့ ဖြေရတာမို့ သင်္ချာတွက်နည်းနဲ့ဝှက်တဲ့ စကားထာလို့ ပြောကြတာပဲဖြစ်ပါတယ်။ သင်္ချာတွက်နည်းနဲ့ ဝှက်တဲ့စကားထာတွေကို ဖြေဆိုရတာများလာလေလေ သင်္ချာဉာဏ်ရည်ကလည်း ထက်မြက်လာလေလေပါပဲ။ ။

**မောင်သစ္စာ**

# သုတေသနပြုဆောင်ရွက်ထားရှိသည့် ယာစပါးမျိုးလိုင်းသစ်များ အောင်မြင်ဖြစ်ထွန်း



နေပြည်တော် ဩဂုတ် ၂၃

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအား ရင်ဆိုင်နိုင်စွမ်းရှိသည့် မြေပြန့်ယာစပါး အထွက်နှုန်းအမြင့်ဆုံးမျိုးများ၊ စိုက်နည်းစနစ်များ၊ အထွက်တိုးနည်းလမ်းများနှင့် မျိုးလိုင်းအသစ်မွေးမြူထုတ်လုပ်မှုများကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပညာရှင်များက သုတေသနပြုဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် မြေပြန့်ယာစပါးမျိုးလိုင်းသစ်များ၏ လိုင်းအလိုက်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အကြောင်းသိကောင်းစရာများ"ခေါင်းစဉ်ဖြင့် ကျင်းပသည့် အကြိမ်(၈၀)မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒုတိယအထွေထွေမန်နေဂျာက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သမိုင်းကြောင်း၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဥပဒေ၊ နည်းဥပဒေများ၊ ချေးငွေထုတ်ချေးမှု ချေးငွေအမျိုးအစားများ၊ စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းပြောင်းလဲလာခြင်းတို့ကို တင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

အဆိုပါ တောင်သူနည်းပညာပေးဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ပညာရှင်နှင့် သုတေသီများ၊ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပညာရှင်နှင့် တောင်သူများက Zoom Point ၁၀၀ မှ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်




တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နှင့် မိုင်းယောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၂၀ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့ရှိ ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ပညာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်နှင့်ပြည်သူ ပန်းတိုင်သို့အတူတူပန်းဝင်ကြရင်ဖြင့်...

ဇော်မျိုးမင်း

လူတစ်ဦးတစ်ယောက်စီတွင် ပန်းတိုင်ကိုယ်စီရှိကြသည်။ ပန်းတိုင်မရှိသောသူသည် ဦးတည်ရာမဲ့ လွင့်မျောနေသော အမှိုက်တစ်ခုနှင့်သာတူပေမည်။ ထို့အတူ "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ဦးတည်ချက်(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုဦးတည်ချက်(၄)ရပ် အမှတ်စဉ်(၄)တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"ဟု ရွေးကောက်ပွဲနှင့်ပတ်သက်သော ရည်မှန်းချက်ပန်းတိုင်ကို အတိအလင်းဖော်ပြထားသည်။ ယခုအခါတွင် နိုင်ငံတော်နှင့် ပြည်သူတို့သည် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် အနီးဆုံးနေရာတစ်ခုဆီသို့ရောက်ရှိနေပြီဖြစ်သည်။

**ရွေးကောက်ပွဲတစ်ခု၏စံနှုန်း**

ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံသားများက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကိစ္စအဝဝတို့တွင် မိမိတို့ကိုကိုယ်စားပြုမည့်ကိုယ်စားလှယ်များကို ဒီမိုကရေစီနည်းလမ်းတကျရွေးချယ်တင်မြှောက်ရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ပြည်သူလူထုအနေဖြင့် နိုင်ငံတော်၏အာဏာသုံးရပ်ကို ပြည်သူ့လက်ထဲသို့လွှဲပြောင်းရယူရန်၊ တရားမျှတသောအုပ်ချုပ်ရေးစနစ်တည်ဆောက်ရန်အတွက် မိမိတို့ဒေသကိုကိုယ်စားပြုမည့် လွှတ်တော်အမတ်များ၊ မိမိတို့မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးများကို အုပ်ချုပ်မည့် အုပ်ချုပ်ရေးမှူးများ ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲအထိ ရွေးချယ်တင်မြှောက်ခွင့်ကိုရရှိသည့် အခွင့်အရေးတစ်ခုလည်းဖြစ်ပေသည်။ ရွေးကောက်ပွဲတစ်ခု၏ စံနှုန်းကိုလွတ်လပ်ပြီး တရားမျှတမှု ရှိ၊ မရှိဟူသည့် ပေတံဖြင့် တိုင်းတာလေ့ရှိသည်။

**လူ့သက်တမ်းနှင့် ကြုံတောင့်ကြုံခဲရွေးကောက်ပွဲ**

ကမ္ဘာပေါ်တွင် ဗာတီကန်စီးတီးနှင့်ပါလက်စတိုင်းတို့အပါအဝင် အချုပ်အခြာအာဏာပိုင်နိုင်ငံပေါင်း ၁၉၅ နိုင်ငံအနက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံမှာ ၁၉၃ နိုင်ငံရှိသည်ဟု သိရသည်။ မည်သည့်နိုင်ငံ၊ မည်သည့်နိုင်ငံရေးစနစ်တွင်မဆို ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းသည် တရားမျှတမှုအရှိဆုံး ရွေးချယ်မှုတစ်ခုဖြစ်သည်ဟု လူအများကလက်ခံထားကြသည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် လွတ်လပ်မှုကိုလိုလားသည်။ တရားမျှတမှုကို လိုလားကြသည်။ မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ် လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပထမဆုံး ရွေးကောက်ပွဲ စတင်ကျင်းပခဲ့သည့် ၁၉၂၂ ခုနှစ်မှစ၍ ၂၀၂၀ ပြည့်နှစ်အထိ အထွေထွေရွေးကောက်ပွဲ ၁၇ ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်ကြိမ်ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသုံးခုတို့ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ၁၈၈၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နှစ်ပေါင်း ၁၃၉ နှစ်အတွင်း ရွေးကောက်ပွဲ ၁၇ ကြိမ်သာ ပြုလုပ်နိုင်ခဲ့သဖြင့် ပျမ်းမျှအားဖြင့် ရှစ်နှစ်တွင် တစ်ကြိမ်သာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် သာမန်အားဖြင့် ငါးနှစ်လျှင် တစ်ကြိမ် ရွေးကောက်ပွဲကျင်းပပေးလျက်ရှိရာ ပျမ်းမျှသက်တမ်း ၇၀ နေရမည့်သူတစ်ဦးသည် အသက် ၁၈ နှစ်ပြည့်ပြီးနောက် ရွေးကောက်ပွဲကို ၁၀ ကြိမ်ခန့်သာ ကြုံတွေ့ရမည်ဖြစ်၍ လူ့သက်တမ်းတစ်လျှောက်တွင် ရွေးကောက်ပွဲသည် ၁၀ ကြိမ်ခန့်သာ ကြုံတွေ့ခွင့်ရသည့် ရွေးချယ်ခွင့်တစ်ခုလည်းဖြစ်နေသည်။ ဥပမာအနေဖြင့် လက်ရှိ အသက် ၄၃ နှစ်ခန့်ရှိသော လူတစ်ဦးသည် သာမန်အားဖြင့် အသက် ၇၀ နှစ်အထိ နေရမည်ဆိုပါက နောက်ထပ် ရွေးကောက်ပွဲ ငါးခုသာ ကြုံတွေ့ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲသည် လူ့သက်တမ်းနှင့်အတူ ကန့်သတ်ချက်ဖြင့်သာ ကြုံတွေ့ခွင့်ရသည့်ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခု၊ နိုင်ငံရေးဖြစ်စဉ်တစ်ခုဆိုတာကို သတိပြုမိစေချင်သည်။

**မှန်ကန်သည့်လမ်းကြောင်းကိုပြောင်း၍ လျှောက်လှမ်းကြဖို့လို**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၂ တွင် သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူများကို မဲပေးပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ပြည်ဖျက်မီဒီယာများ၏စကားကိုနားယောင်ကာ မဲမပေးဘဲနေမည်ဆိုပါက တားမြစ်ခံထားရသူများနှင့်မခြား ဖြစ်ပေတော့မည်။ တရားဥပဒေကပေးသည့် အခွင့်အရေးတစ်ရပ်ဆုံးရှုံးပေတော့မည်။ ပြည်သူများအနေဖြင့် မဲမပေးဘဲနေလျှင် နစ်နာသူက ဘယ်သူဖြစ်မလဲဆိုတာကို ကွဲပြားစွာသိမြင်တတ်ဖို့လိုပြီး မှန်ကန်စွာစဉ်းစားဆုံးဖြတ်တတ်ရန်လည်း အရေးကြီးလှသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရေးတို့သည် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှ ထွက်ပေါ်လာမည့် လွှတ်တော်၊ အစိုးရတို့နှင့်ဆက်လက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အစိုးရအဖွဲ့၊ လွှတ်တော်များမပေါ်ပေါက်မီ လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသော်လည်း အစိုးရအဖွဲ့၊ လွှတ်တော်များပေါ်လာချိန်တွင် လွှတ်တော်ထဲ၌ တရားဝင်ဆွေးနွေးအဖြေရှာနိုင်မည့် အခွင့်အရေးများရှိနေပါလျက် လက်နက်စွဲကိုင်တိုက်ခိုက်နေခြင်းမှာ တကယ်လိုအပ်သလားဆိုတာကို ပြန်လည်ဆန်းစစ်ဖို့အချိန်တန်ပြီဖြစ်သည်။ ရွေးကောက်ပွဲကျင်းပပြီး၍ နိုင်ငံရေးအခင်းအကျင်းများ ပေါ်ပေါက်လာလျှင် ရပ်တည်မှုပျောက်ဆုံးမည်ကိုစိုးရိမ်နေသည့် CRPH နှင့် NUG တို့၏လုပ်ဆောင်မှုများသည် PDF အမည်ခံ အကြမ်းဖက်အဖွဲ့၊ EAO အဖွဲ့များ၏ နိုင်ငံရေးမျှော်မှန်းချက်များနှင့်ဆန့်ကျင်နေပါက မှန်ကန်သည့် လမ်းကြောင်းကိုပြောင်း၍ လျှောက်လှမ်းကြရန် လက်ရှိအစိုးရက မီးမောင်းထိုးပြထားသည်။

**နိုင်ငံသားတာဝန်ကျေပွန်သူ နိုင်ငံ့သားကောင်းများဖြစ်ရန်လို**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄ တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟု ဖော်ပြထားသည်။ ဆိုလိုသည်မှာ ပြည်သူလူထုသည် အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သည်၊ နိုင်ငံတော်၏ကံကြမ္မာကို ပြည်သူလူထုကပဲ ရွေးချယ်ရမည်ဟုဆိုလိုခြင်းဖြစ်သည်။ ပုဒ်မ ၃၈(က)တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်အတွက် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် အခွင့်အရေးရရှိထားပြီးဖြစ်ရာ ပါတီများတည်ထောင်ကာ နိုင်ငံရေးတွင် ဦးဆောင်ပါဝင်ခြင်းဖြင့်လည်းကောင်း၊ မိမိနိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ဖော်ဆောင်ပေးမည့်ပါတီများ၊ ကိုယ်စားလှယ်လောင်းများကို မဲပေးရွေးချယ်ခြင်းဖြင့်လည်းကောင်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုအခွင့်အရေးကို အမိအရအသုံးချကာ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့်မိမိတို့အနာဂတ် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှသာ နိုင်ငံသားတာဝန်ကျေပွန်သူ နိုင်ငံ့သားကောင်းများဖြစ်ပေမည်။

**ပြည်သူ့အပေါ်ကိုယ်စားပြုနိုင်သည့် နိုင်ငံရေးပါတီများဖြစ်ဖို့လို**

ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် တိုင်းရင်းသားများနှင့်လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ပြည်သူ့လွှတ်တော်ကို နိုင်သူအကုန်ယူ(FPTP– First Past The Post System) စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP– Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ PR စနစ်အရ သက်ဆိုင်ရာလွှတ်တော်များတွင် အားလုံးပါဝင်သော ကိုယ်စားပြုမှုကိုဖြစ်ပေါ်စေရန်အတွက် ဝင်ရောက်ယှဉ်ပြိုင်ရမည့်မဲဆန္ဒနယ်များကို ဧရိယာကျယ်ပြန့်စွာသတ်မှတ်၍ ဆောင်ရွက်ရမည်ဖြစ်ရာ တိုင်းရင်းသားပါတီများနှင့် ပါတီငယ်များလည်း လွှတ်တော်ကိုယ်စားလှယ်နေရာ အချိုးကျရရှိနိုင်မည်ဖြစ်သည်။ ရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့် ကျင်းပစေကာမူ ပါတီများနှင့်ကိုယ်စားလှယ်လောင်းများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု၊ ထောက်ခံအားပေးမှုတို့သည် ရွေးကောက်ပွဲတစ်ခုအပေါ် များစွာသက်ရောက်မှုရှိနေသည်ကိုလည်း သတိချပ်သင့်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတို့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပသွားမည်ဖြစ်ပြီး ယနေ့အထိ တည်ဆဲနိုင်ငံရေးပါတီ ၅၈ ပါတီရှိသည်။ ၎င်းတို့အနက် တစ်နိုင်ငံလုံးယှဉ်ပြိုင်မည့် ပါတီ ၉ ပါတီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ယှဉ်ပြိုင်မည့်ပါတီ ၄၉ ပါတီရှိကြောင်း သိရှိရသည်။ အခြားသော ဒီမိုကရေစီနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီများပြားသော်လည်း နိုင်ငံရေးပါတီအများစုသည် ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်ပါတီကြီးများ နည်းပါးပြီး ဒေသတစ်ခုကို ကိုယ်စားပြုယှဉ်ပြိုင်နိုင်သည့် ပါတီငယ်များသာ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ ပါတီငယ်များနှင့်တစ်သီးပုဂ္ဂလများအနေဖြင့် ပြည်သူအပေါ် ကိုယ်စားပြုနိုင်မှု အနိုင်ရရှိမှုနည်းပါးသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ခိုင်မာအားကောင်းသည့် ပါတီများဖြစ်လာစေရေး နိုင်ငံရေးယုံကြည်ချက်နှင့် ရည်မှန်းချက်တူသည့်ပါတီများ ပူးပေါင်းဆောင်ရွက်ပါက ပါတီအင်အားပိုမိုတောင့်တင်းခိုင်မာလာမည်ဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူများကို ပါတီလုပ်ငန်းစဉ်များချပြပြီး မဲဆွယ်စည်းရုံးရတော့မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်အရ နိုင်ငံရေးပါတီများ၏ ယှဉ်ပြိုင်မဲဆွယ်စည်းရုံးမှုများတွင် လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် လိုအပ်သည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့်နေရာတွင် အခြားနိုင်ငံများ၏ကျင့်သုံးမှုပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို ဖော်ဆောင်ရန်အရေးကြီးကြောင်း တွေ့ရှိရသည်။

**အစိုးရနှင့်ပြည်သူ အတူတူထုဆစ်ပုံဖော်ရမည့် နိုင်ငံရေးပန်းတိုင်**

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်အတွင်း ပြည်ပအင်အားကြီးနိုင်ငံများ၏ ဖိအားပေးပိတ်ဆို့မှုများကိုလည်းကောင်း၊ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများ၏ နယ်မြေလုယူတိုက်ခိုက်မှုများကိုလည်းကောင်း တွန်းလှန်တိုက်ခိုက်ခဲ့ရသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုများ၊ ၂၀၂၃ ခုနှစ် မိုခါနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကိုလည်း ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံတော်အစိုးရသည် မည်သည့်အခက်အခဲကိုမဆို နိုင်ငံ့အပေါ်ထားသည့် စိတ်ရင်းစေတနာမှန်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သလို မိတ်ဆွေနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို

**စာမျက်နှာ ၁၄ သို့** ■

**➲ နိုင်ငံချစ်စိတ်ရှိသော၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားသော ကျွန်တော်တို့နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏လမ်းဖွင့်ပေးမှု နိုင်ငံရေးအရွေ့တစ်ခုတွင် လိုက်ပါစီးမျောရင်း နိုင်ငံတော်နှင့်ပြည်သူ အတူတူ ပန်းဝင်ကြရင်ဖြင့် မြန်မာနိုင်ငံ၏ကံကြမ္မာသည် ကောင်းမွန်သောအနာဂတ်တစ်ခုဆီသို့ ဦးတည်နေပြီဆိုတာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။**

■ စာမျက်နှာ ၁၃ မှအဆက်

ပိုမိုခိုင်မြဲအောင်ဆောင်ရွက်ကာ နိုင်ငံ့စွမ်းအားကို ကျမသွားအောင် ထိန်းထားနိုင်ခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်မဲပေးနိုင်ရန်အတွက် ပန်းခင်းစီမံချက်များချမှတ်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူ ၆၂၁၀၂၅၆ ဦးကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကိုလည်း ကောက်ယူနိုင်ခဲ့ပြီး ရရှိလာသည့် လူဦးရေဆိုင်ရာအချက်အလက်များသည် အခြေခံမဲဆန္ဒရှင်စာရင်းကိုပြုစုနိုင်ရန် အထောက်အကူဖြစ်စေခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်အစိုးရအနေဖြင့် ရည်မှန်းချက်ဦးတည်ချက်အတိုင်း ခရီးဆက်ခဲ့သည်မှာ အနာဂတ်နိုင်ငံရေးပန်းတိုင်ဆီသို့ ရောက်လုနီးပြီဖြစ်သည်။

**နိုင်ငံနှင့်လူမျိုးအကျိုးကို ရှေးရှုစေလို**

ယခုအချိန်မှာ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် လက်ရှိနိုင်ငံရေးအခင်းအကျင်းအပေါ်ရှုမြင်သုံးသပ်ရာတွင် ယခင်ကျင်းပပြီးခဲ့သော ရွေးကောက်ပွဲများ၏ အားနည်းချက်၊ အားသာချက်များ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတိုးတက်မှုနောက်ကျခဲ့ရပုံများကို အမှန်အတိုင်း နားလည်လက်ခံတတ်ဖို့လိုသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲလွန်ကာလ ကာလသုံးပါးတို့တွင် မြန်မာ့နိုင်ငံရေး ရှေ့ဆက်မည့်အရွေ့တစ်ခုကို အနှောင့်အယှက်ဖြစ်စေမည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို မပြုလုပ်ဘဲ နိုင်ငံနှင့်လူမျိုးအကျိုးကို မျှော်ကိုးကာ နားလည်မှုရှိစွာ အတူတကွပူးပေါင်းဆောင်ရွက်ရမည့်အချိန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရွေးကောက်ပွဲတစ်ခုသည် နိုင်ငံတစ်နိုင်ငံ၏ အရွေ့တစ်ခုဖြစ်သည်သာမက နိုင်ငံသားအားလုံး၏ အနာဂတ်ကို ထုဆစ်ပုံဖော်ပေးမည့် နိုင်ငံရေးဖြစ်စဉ်တစ်ခုဖြစ်သောကြောင့်ဖြစ်သည်။

နိုင်ငံချစ်စိတ်ရှိသော၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားသော ကျွန်တော်တို့နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏လမ်းဖွင့်ပေးမှု နိုင်ငံရေးအရွေ့တစ်ခုတွင် လိုက်ပါစီးမျောရင်း နိုင်ငံတော်နှင့်ပြည်သူအတူတူပန်းဝင်ကြရင်ဖြင့် မြန်မာနိုင်ငံ၏ကံကြမ္မာသည် ကောင်းမွန်သောအနာဂတ်တစ်ခုဆီသို့ ဦးတည်နေပြီဆိုတာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် လာမည့်ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ၊ ယုံကြည်စွာ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မိမိတို့အနာဂတ်အတွက် မဲပေးကြပါလို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဌာနဆိုင်ရာဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးဟောပြော

လဲချား ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် သီရိဟံသာခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနည်းအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်ဆန္ဒမဲပေးခြင်းကို ဩဂုတ်လ ၂၂ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနန်းတင့်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်းအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ဇင်နွယ်ဌေးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အကြောင်းကို ရှင်းလင်းပြောကြားကာ မဲပေးစက်တပ်ဆင်ပုံနှင့် ကိုင်တွယ်အသုံးပြုနည်း၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးနည်းများကို ရှင်းလင်းပြသသည်။

ထို့နောက် တက်ရောက်လာသော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် စမ်းသပ်ဆန္ဒမဲပေးနည်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြောင်း သိရသည်။

(၄၁၄)

# လူငယ်စကားဝိုင်း ကဗျာရွတ်ဆိုပြိုင်ပွဲ ပုံပြင်ပြောပြိုင်ပွဲများကျင်းပ

မကွေး ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူးကျင်းပသော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောပြိုင်ပွဲအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ အလယ်တန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲ၊ မူလတန်းအဆင့်နှင့်လူငယ်စကားဝိုင်းကို ဩဂုတ်လ ၂၁ ရက်နှင့် ၂၂ ရက်တွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဩဂုတ်လ ၂၁ ရက်တွင် ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပပြီး ဩဂုတ်လ ၂၂ ရက်တွင် လူငယ်စကားဝိုင်းကျင်းပရာတွင် စာရေးဆရာကြီး ဗန်းမော်တင်အောင်၏ဩဝါဒကြီးကို စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် ပြိုင်ပွဲများတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုပေးအပ်ကြောင်း သိရသည်။

**မောင်နန်းဝေ**

# ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဩဂုတ် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ၌ အေးချမ်းသာယာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများ၏မိုးစပါးများပန်းတိုင်အထွက်နှုန်းရရှိရေးသက်ဆိုင်ရာတာဝန်ရှိသူများက ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ ပုဗ္ဗသီရိမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်တာဝန်ရှိသူများက အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ တောင်သူများ၏ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## ပလွေတို

❖ ကြာနွယ်လက်ချောင်း
ဖော့ဖယောင်းဝယ်
စက်လျောင်းတတ်သူ မဟုတ်ချေ။

❖ မွမ်းမံခြယ်သ
ဉ္ဇေခန်းမဝယ်
ဘဝင်မြင့်သူ မဟုတ်ချေ။

❖ နေနုပျိုးစ၊ နံနက်မှလျှင်
ည ဆည်းဆာရီ၊ မိုးချုပ်သည်ထိ
ဝတ်ထည်ဟောင်းနွမ်း၊ ဘဝနွမ်းနှင့်
တောတန်းတစ်လျှောက်၊ နှင်တံမြှောက်လျက်
ငေါက်လား အော်လား၊ ပြေးခုန်လွှားသည်
နွားကျောင်းလုလင် သူ့သခင်။

❖ ငှက်ကျေးတာတီ၊ ထံတျာသီ၍
လေပြည်အသွဲ့၊ ဘယ်ညာနွဲ့လျှင်
စိမ်းလဲ့ကောက်ပင်၊ ကကြိုးဆင်လျက်
ပင်ရိပ်ဝေဝေ၊ စိုစိုပြည်နှင့်
မြိုင်ခြေတောတန်း သူ့စခန်း။

❖ ပလွေတို၏
ချိုမြကြည်လင်၊ တေးသံလွင်ကြောင့်
မိခင်လယ်မြေ၊ အားသစ်ဝေ၏။

❖ ပလွေတို၏
ချိုမြကြည်သာ၊ တေးကဗျာကြောင့်
ယာ၏သားပျို၊ အားသစ်စို၏။

❖ ဖြစ်သည့်ဘဝ၊ ကျသည့်နေရာ
အားသစ်ဖြာလျက်၊ မေတ္တာတေးဆို
ပလွေတိုလျှင်၊ မြေကိုမြတ်နိုး
မြေ့အကျိုးကို၊ သယ်ပိုးထမ်းဆောင်
ရွှေရောင်မလက်၊ မြရောင်လက်၏
တက်ကြွအစဉ်၊ စိတ်ဖြူစင်လျက်
ချိုလွင်ငြိမ့်အေး၊ သူ၏တေးဖြင့်
လုပ်ကျွေးတာဝန်၊ သူကျေပွန်မို့
သူ့ခွန်သူ့အား၊ စွမ်းပကားလျှင်
ယောက်ျားမြတ်နှယ် ပေတကား။ ။

**မြင်းမူမောင်နိုင်မိုး**

# နမ့်စန်မြို့နယ်နှင့်မော်ဘီမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ ဝမ်ပုံကျေးရွာရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅ ပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၁၁၁ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်အား နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် သာမဏေများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အင်းလျက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော်၄၃ ပါးနှင့် ဒေသခံပြည်သူ ၈၅ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အင်းလျက်ကျေးရွာရှိကွမ်းခြံကုန်း၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအားပေး

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက ကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း အသီးသီးပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအခြေအနေများနှင့် ကျောင်းဝင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# နောင်ချိုမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာစုစုပေါင်း ၃၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၄ ဦးကို သွေးအမျိုးအစားစစ်ဆေးပေးခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၅ ဦးကို ငှက်ဖျားရောဂါပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ၃၂ ဦးတို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်တိုင်းဒေသကြီး လှူငယ်စင်တာ၌ စိတ်ကျန်းမာရေးဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီတို့ ပူးပေါင်းကျင်းပသည့် စိတ်ကျန်းမာရေးဆိုင်ရာ ဖြေရှင်းပေးနိုင်မည့် Psychological First Aid Training (PFA): Disaster Mental Health သင်တန်းဆင်းပွဲကို ဩဂုတ်လ ၂၂ ရက်က သာကေတမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ခေတ်ကာလတွင် တွေ့ကြုံနေရသည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး မိမိ၏ဦးတည်ချက်လမ်းကြောင်းကို မျက်ခြည်မပြတ်စေဘဲ မိမိတို့၏ ဖွံ့၊ လုံ့လ၊ ဝီရိယတို့နှင့်အတူ အကောင်းဆုံးပြင်ဆင်၍ လျှောက်လှမ်းနိုင်မည့် လူငယ်စွမ်းအားစုများပေါ်ထွန်းလာရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက်စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာခင်သန်းမွန်က သင်တန်းတွင် ပို့ချပေးခဲ့သည့်အကြောင်းအရာများကို ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဖြစ်မြောက်ရေး ကူညီပေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

လင်းခန့်

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကြည့်ရှုစစ်ဆေး




ရန်ကုန် ဩဂုတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အဆောက်အအုံ အကြီးစားပြင်ဆင်နေသည့်နေရာသို့ရောက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆောက်အဦ ဦးစီးဌာနမှ တာဝန်ရှိသူတို့က ရုံးအဆောက်အအုံပြင်ဆင်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအား မူလပုံစံမပျက်ဆောက်လုပ်ရန်၊ စံချိန်စံညွှန်းနှင့်အညီ ခိုင်ခံ့မှုရှိစေရေးပြုပြင်တည်ဆောက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီပြီးစီးရေးဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် (ရုံးချုပ်)၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (ရုံးချုပ်)၊ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့၌ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံး ပြည်သူ့ဘဏ္ဍာရေးဝန်ဆောင်မှုများပေးရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာဥပဒေများနှင့်ကိုက်ညီရေး၊ ဘဏ္ဍာရေးနှင့်ဘဏ်လုပ်ငန်းများ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအချက်အလက်များ မှန်ကန်ကိုက်ညီစေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဆောင်ရွက်ရေး၊ ပြဋ္ဌာန်းထားသောလုပ်ထုံးလုပ်နည်းများအတိုင်းကိုက်ညီစေရေး၊ ပြည်သူလူထုကအားထားရသော ဌာန၊ အဖွဲ့အစည်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မွမ်းမံသင်တန်းများဖွင့်လှစ်ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

မြဝတီ

# မကွေးမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

မကွေး ဩဂုတ် ၂၃

"လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေးမြှင့်တင်စို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ဆားစည်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူလေးများက အဓိကမြော်တွေး ကျန်းမာရေးတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် Video Clip ကိုပြသပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့် ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက ကျန်းမာရေးဆိုင်ရာ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ရာ မကွေး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စုံအောင်စားကြစို့၊ အခြေခံပညာအလယ်တန်းကျောင်း-လေ့ကျင့်ရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက လက်ဆေးကြပါစို့၊ မကွေးအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူလေးများက တစ်ကိုယ်ရေသန့်ရှင်းကျန်းမာခြင်းသီချင်းများဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူလေးများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေနှင့်အမှတ်တရဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် အဆိုပါခန်းမအတွင်း အခြေခံပညာကျောင်းများမှ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုဆိုင်ရာခင်းကျင်းပြသထားမှုနှင့်ကျောင်းကျန်းမာရေးဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ပပို့ကုန်ကဏ္ဍတွင် ယခင်နှစ်များထက် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ခြင်းနှင့်အတူ လိုအပ်သောသွင်းကုန်ကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသောကြောင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့် ပို့ကုန်တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရေထွက်ပို့ကုန်ကဏ္ဍတွင်လည်း GACC ခွင့်ပြုချက်ရရှိပြီးသည့် ရေထွက်ပစ္စည်းများတိုးတက်တင်ပို့နိုင်ရေး၊ ပြည်ပပို့ကုန်ဈေးကွက်သစ်နိုင်ငံများ ရှာဖွေနိုင်ရေး၊ ရော်ဘာ၊ ဆီထွက်သီးနှံ၊ သစ်သီးဝလံ စသည့်ပို့ကုန်များ ထုတ်လုပ်မှုမြှင့်တင်နိုင်ရေး ညီနောင်အသင်းအဖွဲ့များအနေဖြင့်အသင်းဝင်များကို တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ CMP လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်သစ်များရရှိရေး နည်းလမ်းရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ညီနောင်အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်နှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်းမှ သင်္ဘောကုမ္ပဏီ၁၀ ခု၏တာဝန်ရှိသူများအား တွေ့ဆုံပြီး ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်း၊ မြန်မာနိုင်ငံ ကော့သောင်းဆိပ်ကမ်းတို့မှ ကုန်ပစ္စည်းများသယ်ဆောင်ရာတွင် ကုန်တင်လွှာစနစ်စံပြုလုပ်ငန်းစဉ်(SOP) အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဥပဒေ၊ နည်းဥပဒေနှင့်သက်ဆိုင်သည့် အကျိုးဆက်များနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၈၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၂၆ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၆၀ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚c | / ၃၂˚c |
| ရန်ကုန် | ၂၄˚c | / ၃၀˚c |
| မန္တလေး | ၂၅˚c | / ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရေနံချောင်းစက်မှုဇုန်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ရှိ ရေနံချောင်းစက်မှုဇုန်သို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်မှုဇုန်ခန်းမ၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ရေနံချောင်းတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း၊ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ရေးသင်တန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးအင်ဂျင်ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ ဂဟေဆက်သင်တန်း၊ ကာလတိုသင်တန်းများကို လုပ်ငန်းခွင်အရောက် လေ့ကျင့်သင်ကြားပေးလျက်ရှိသဖြင့် လိုအပ်ချက်ရှိပါက လာရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန်ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စက်မှုဇုန်နှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက စက်မှုဇုန်အား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေ၊ မကွေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးက ရေနံချောင်းစက်မှုဇုန်ဆိုင်ရာ အချက်အလက်များ၊ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးတို့က ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ရေနံချောင်း) ကျောင်းအုပ်ကြီးက စက်မှုလုပ်ငန်းများနှင့် ကျောင်းများချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ တာဝန်ရှိသူများက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မှု၊ လိုအပ်ချက်များဖြည့်ဆည်းပေးမည့်အခြေအနေ၊ စက်မှုဇုန်အတွက် လိုအပ်သောကုန်ကြမ်းရရှိရေး၊ နည်းပညာရရှိရေးအတွက် အသိပညာမျှဝေဆွေးနွေးပွဲများပြုလုပ်ပေးမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်မှုဇုန်အတွင်းရှိ Alpha Vina ကွန်ကရစ်တိုင်များ ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်းကောင်း၊ ဝင်း-သမစိတ္တဆီစက်တွင် စားသုံးဆီများ ကြိတ်ခွဲထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ King Golden Dragon Co., Ltd. ၏ STAR မော်တော်ဆိုင်ကယ်များအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်းကောင်း လှည့်လည်အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ မော်ဘီခရိုင် ရုံးခန်းသစ်ဖွင့်လှစ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မော်ဘီခရိုင် ရုံးခန်းသစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့ အမှတ်(၄၅၇) ကန်ပတ်လမ်း ယမုံနာ(A)ထိပ်ရှိအဆိုပါရုံးခန်းအသစ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌနှင့် တိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အသီးသီးမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုစည်းရုံးရေးရာကော်မတီအတွင်းရေးမှူး ဦးသန့်ဇင်လှိုင် (ဗုဒ္ဓဘာသာ)၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဘုန်းမြင့်၊ ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ဗဟိုအထောက်အကူပြု လူမှုရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် တာဝန်ရှိသူများက မော်ဘီခရိုင်ရုံးခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲကိုဆက်လက်ကျင်းပရာ(ဗဟို)ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဥက္ကဋ္ဌနှင့် တိုင်းအလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်အသီးသီးမှဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက ကန်သာယာကန်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးများလွှတ်ပေးကြသည်။

ထို့နောက် အခမ်းအနားကိုကျင်းပရာ ဦးစွာဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဘာသာစုံလက်တွဲညီ Group Song တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြား၍ မော်ဘီခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ (ဗဟို)ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌတို့က မော်ဘီခရိုင်/မြို့နယ်များမှ အလုပ်အမှုဆောင်များကို ခန့်အပ်လွှာများပေးအပ်ကြသည်။

ယင်းနောက် (ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့က မော်ဘီခရိုင်အဖွဲ့သို့ အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြကာ မော်ဘီခရိုင် ဥက္ကဋ္ဌ ဦးသန့်ဇော်မင်းထိုက်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**



# ဒုတိယအကြိမ်မြောက် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ




နေပြည်တော် ဩဂုတ် ၂၃

ဒုတိယအကြိမ်မြောက် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်Melia Hotel ရန်ကုန်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် နီးနွယ်ပညာရှင်အသင်းများမှ ဥက္ကဋ္ဌများ၊ အငြိမ်းစား ဆေးပညာရှင်ကြီးများ၊ ပြည်တွင်းပြည်ပမှ အထွေထွေရောဂါဆေးပညာနှင့် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆီးချိုနှင့် သွေးတိုးရောဂါများကို စောစီးစွာစစ်ဆေးနိုင်ပြီး အချိန်မီကုသနိုင်ရန်အတွက် ကျန်းမာရေးဌာနများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်ပေးနေပြီး နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုနှင့်အတူ ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းသက်သာစေရေးအတွက် ဆီးချိုသွေးတိုးနှင့် အခြားမကူးစက်နိုင်သောရောဂါများ ကုသမှုဆေးဝါးများကိုလည်း အခမဲ့ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာဆေးပညာရှင်များကိုလည်း ပြည်တွင်း၌ နှစ်စဉ်တိုးမြှင့်လေ့ကျင့်မွေးထုတ်လျက်ရှိသည့်အပြင် ပြည်ပ၌ လေ့လာသင်ကြားမှုများကိုလည်း ခွင့်ပြုပံ့ပိုးပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ကျောင်းသူလေးများက “မင်္ဂလာပါ”သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအသင်းအဖွဲ့ကြီး (International Diabetes Federation – IDF) ၏ဥက္ကဋ္ဌ Professor Peter Schwarz က ပေးပို့သည့် ညီလာခံကြိုဆိုနှုတ်ခွန်းဆက် Video Message အား ဖွင့်လှစ်ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းသန်းအေးက ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာတင့်ဆွေလတ်နှင့်မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းဥက္ကဋ္ဌတို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာသုတေသနစာတမ်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါညီလာခံကို ဩဂုတ်လ ၂၃ ရက်မှ ၂၄ ရက်အထိ “ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါကုသမှုများမြှင့်တင်ခြင်း” (Advancing Care in Diabetes and Endocrinology) ခေါင်းစဉ်ဖြင့်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဆေးပညာရှင်များသာမက ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ဆေးပညာရှင် ၁၄ ဦးက Speaker အဖြစ် ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ပညာရှင် ၄၅၀ ဦးခန့် တက်ရောက်လျက်ရှိကြသည်။

ညီလာခံတွင်ဆွေးနွေးပွဲ (Symposium) ရှစ်ခုခွဲ၍ ဆွေးနွေးကြမည်ဖြစ်ရာ Artificial Intelligence(AI) ကိုအသုံးပြုပြီး ဆီးချိုသွေးချို၏ နောက်ဆက်တွဲရောဂါများဖြစ်သည့် မျက်စိအတွင်း သွေးကြောများပျက်စီးကာ အမြင်အာရုံထိခိုက်မှု၊ ကျောက်ကပ်ရောဂါနှင့် အာရုံကြောရောဂါများ ဖြစ်နိုင်ခြေတို့ကို စစ်ဆေးသည့် ခေတ်မီနည်းပညာသစ်ကို မြန်မာနိုင်ငံတွင် အသုံးပြုဆောင်ရွက်ခဲ့သည့် သုတေသနအပါအဝင် ပြောင်းလဲတိုးတက်လာသည့်နည်းပညာရပ်များဆိုင်ရာဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာ ပိုစတာ ၃၅ ခုနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ခင်းကျင်းပြသထားပြီး ညီလာခံမစမီ အကြိုအစီအစဉ်အနေဖြင့် သွေးတွင်းဂလူးကို့စ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်း(Continuous Glucose Monitoring – CGM) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခဲ့ကြောင်း သိရသည်။

**မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Dried spiny eel marketable in Maubin Township

MAUBIN August 23

Trading of dried spiny eels are in high demand at the domestic market in Maubin Township of Ayeyawady Region, said Daw Win Win Thu, the owner of assorted dried fish trading commodity in Maubin Township.

In Maubin Township, since the second week of July up to the present, there has been strong demand and good sales of locally produced dried spiny eels. These dried eels are not only sold in local markets but are also in high demand in cities like Pathein and Yangon.

"Sales picked up starting around the second week of this month. Right now, sales are significantly higher than usual. There's been an increase in orders from the Yangon market. The dried spiny eel business is a key local livelihood for residents. As demand for dried fish products increases, those involved in the spiny eel drying business across different areas are also doing well," said Daw Win Win Thu, a dried fish trader from Maubin Township.

In Maubin Township, dried fish traders purchase fresh spiny eels, then process them using methods such as sweetening, salting, and sun-drying to make them ready for consumption. The current market price for dried spiny eels ranges from Ks-17,500 to Ks-29,500 per viss.

**SK**



# Ayadaw Township grows over 4,000 acres of rainfed cotton



AYADAW August 23

More than 4,000 acres of cotton have been planted in Ayadaw Township, Monywa District, Sagaing Region during this year's rain crops planting season, according to the statistics of the Department of Agriculture for Monywa District.

In the 2025-2026 rain crops planting season, Ayadaw Township is planning to plant 10,041 acres of cotton, and planting has begun since May this year, and 4,830 acres have been planted to date.

"This year, Ayadaw Township is planning to plant more than 10,000 acres of cotton. More than 4,000 acres have been planted to date. Planting is ongoing. In order to grow cotton crops, we are providing cotton seeds so that farmers can easily plant good and clean varieties before the season," said Daw San San Myint, head of the Department of Agriculture for Monywa District.

The cost of cotton cultivation is Ks-350,000 per acre, and the yield is around 1,000 visses per acre.

Cotton is successfully cultivated in 19 townships in Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts in Sagaing Region.

**SMK**

# Indaw Township cultivates over 8,000 acres of rainfed paddy

INDAW August 23

More than 8,000 acres of paddy have been planted in this year rain crops planting season in Indaw Township, Katha District, Sagaing Region, according to the statistics from the Department of Agriculture for Indaw Township.

Indaw Township has planned to plant 55,980 acres of paddy in the rainy season for the 2025-2026 rain crops planting season. The planting of paddy has started in June this year, and so far, 8,162 acres have been planted.

"We are working to ensure that the target acres are met. We will provide the necessary technology and varieties for paddy planting. We are conducting field visits to help farmers plant paddy on time," said U Thein Khaing, head of the Department of Agriculture for Indaw Township.

This year, the relevant Township Agriculture Department and local farmers are working together to ensure that paddy planting is carried out without any difficulties and is carried out systematically.

In Indaw Township, farmers are being provided with agricultural technology, pest control, crop damage prevention, and timely delivery of harvested rice under shelter.

**SMK**

# Wetlet Township cultivates over 22,000 acres of rainfed pigeon peas

WETLET August 23

A total of 22,376 acres of pigeon peas have been planted in the rainy season this year in Wetlet Township, Shwebo District, Sagaing Region, according to the statistics of the Department of Agriculture for Wetlet Township.

In the 2025-2026 rain crops planting season, 21,256 acres of pigeon peas have been planned for planting in Wetlet Township, and planting has started since May this year, and 22,376 acres have been planted to date.

"This year, 21,256 acres of pigeon peas have been planned for planting in Wetlet Township. To date, 22,376 acres have been planted. The area of pigeon peas has exceeded the current target area. We also provide services for good yields in pigeon peas," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

This year, the Township Department of Agriculture is providing field education to farmers growing pigeon peas in Wetlet Township on how to select good and pure varieties, proper planting methods, pest control, and good yields. **SK**

# Farmers cultivate more than 4,000 acres of maize and sweet corn in KhinU Township



KHINU August 23

A total of 4,155 acres of croplands have been placed under maize and sweet corn in KhinU Township of Sagaing Region during this monsoon, statistics of KhinU Township agricultural data stated.

In the 2025-2026 monsoon crop season, it was planned to cultivate a total of 6,496 acres in KhinU Township: 1,005 acres of maize and 5,491 acres of sweet corn. Cultivation began in May this year, and as of today, 176 acres of maize and 3,979 acres of sweet corn have been cultivated, totalling 4,155 acres.

"This year, during the monsoon crop season, KhinU Township planned to grow over 6,000 acres of maize and sweet corn. So far, more than 4,100 acres have been cultivated. Efforts are being made to meet the targeted acreage. We are also conducting awareness activities to ensure successful crop yields and to protect crops from pest and disease outbreaks," said U Nay Win Naing, Head of the Department of Agriculture for KhinU Township.

This year, the township's Department of Agriculture has been providing training to farmers cultivating maize and sweet corn. Demonstration field events are being held, and preventive measures are being taken against armyworms. Integrated pest management practices are being promoted, including the use of neem-based pesticides and applications of ginger and chili solutions, along with educational outreach on cultivation techniques.

In KhinU Township, it is reported that seed maize yields more than 50 baskets per acre, with a cultivation cost of around Ks-500,000 per acre. Sweet corn yields about 15,000 ears per acre, with a cost exceeding Ks-500,000 per acre. **SMK**

# Over 2,600 acres of vegetables planted in Monywa Township

MONYWA August 23

More than 2,600 acres of vegetables have been grown as monsoon crops in Monywa Township of Sagaing Region, according to the Township Agriculture Department.

In the 2025–2026 monsoon cropping season, a total of 9,300 acres of vegetables are planned for cultivation in Monywa Township. Cultivation began in May this year, and as of today, 2,677 acres have been planted.



"This year, more than 9,000 acres of vegetables are targeted for cultivation in Monywa Township during the monsoon season. So far, over 2,600 acres have been cultivated. Efforts are ongoing to meet the planned target. The main crops include roselle, chilli, culinary herbs, potatoes, mustard, cabbage, gourd, cauliflower, eggplant, ridge gourd, eggplant, and sponge gourd. We are providing technical support to help farmers grow all these vegetables following GAP (Good Agricultural Practices) standards. We are also advising farmers to grow vegetables in ways that minimize chemical residues and promote health," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

This year, the Department of Agriculture in Monywa Township is providing farmers with technical training to cultivate vegetables according to GAP practices. They are also offering guidance to ensure that the produce harvested is safe and health-compliant. In addition, the department is supporting farmers in expanding their vegetable cultivation. **SMK**

# Ayadaw Township plants more than 25,000 acres of pigeon pea this year

AYADAW August 23

A total of 25,435 acres of pigeon pea has been planted in Ayadaw Township of Sagaing Region during this monsoon, according to the statistics of Monywa District Agriculture Department.

In the 2025-2026 monsoon crop cultivation season, local authorities earmarked cultivation of 25,410 acres of pigeon pea crops in Ayadaw Township. Starting from this May, cultivation began, and as of today, 25,435 acres have already been cultivated.

"This year, during the monsoon crop season, the target for pigeon pea cultivation in Ayadaw Township was set at 25,410 acres. As of today, 25,435 acres have already been cultivated, exceeding the target. Efforts are also being made to ensure good yield outcomes for the pigeon pea crops. Pigeon peas are being cultivated both as sole crops and as intercropped or follow-up crops," said Daw San San Myint, Head of the Department of Agriculture for Monywa District.

This year, the Ayadaw Township Department of Agriculture is also providing field-level education to farmers cultivating pigeon peas, focusing on the selection of quality seeds, proper cultivation systems, pest prevention, and achieving high yields.

The Department of Agriculture in Ayadaw Township is also distributing techniques that promote the combined use of natural fertilizer to pigeon pea farmers, so they can reduce the cost of buying compound fertilizers. It is reported that this method helps reduce production costs, keeps crops free from pests, and supports healthy plant growth. **SK**

# Sagaing Township grows more than 5,000 acres of groundnut this monsoon

SAGAING August 23

According to Sagaing Township Department of Agriculture, local farmers have planted 5,848 acres of groundnut as monsoon crops in Sagaing Township of Sagaing Region this year.

In the 2025-2026 monsoon cropping season, a total of 9,427 acres of groundnut are planned for cultivation in Sagaing Township. Cultivation began in May this year, and as of today, 5,848 acres have been planted.

"This year, more than 9,000 acres of groundnut are targeted for cultivation during the monsoon season in Sagaing Township. So far, over 5,000 acres have already been cultivated. Efforts are ongoing to meet the planned acreage. As an oil crop, groundnut is in a successful state. Groundnut cultivation has been steadily increasing year by year," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

In Sagaing Township, groundnut cultivation requires approximately 1.5 baskets of seeds per acre. The total cost per acre including seed cost, labour charges, fertilizers, and pesticides is over Ks-200,000. The average yield per acre is reported to exceed 50 baskets.

This year, in order to ensure successful cultivation of groundnut fields in Sagaing Township—free from pest and disease outbreaks and weed infestations—staff from the Township Department of Agriculture are conducting field inspections and keeping records through field monitoring activities. **SK**

# English flags hoisted across UK as tensions over migration rise

LONDON August 23

St. George's and Union Jack flags have appeared in towns across Britain under a campaign known as Operation Raise the Colours, in what is widely seen as a public display of patriotism and defiance of the government's migration policies. However, the movement has met pushback from some local residents, who describe it as unsettling and divisive.

The campaign, which began in Birmingham and East London, has spread to Manchester, Bradford, Newcastle, Norwich, Worcester, Redditch, and York. Patriotic images have been painted on streets, while Scottish and Irish colors have also been seen.

While activists describe the displays as an expression of national pride, others have raised concerns because the campaign has received backing from right-wing organizations. The BBC reported that some residents found the flags "intimidating" and provocative at a time of high tensions over migration. Some residents in Birmingham denounced the stunts as "wanton vandalism" and "an excuse for xenophobia."

The p ush to hoist the national flag has also met some resistance from local officials. Councils in Birmingham and Tower Hamlets have taken down some flags, citing safety concerns. Birmingham's Labour council said that attachments on lamp posts can be "dangerous" to pedestrians and motorists, while Tower Hamlets Council attributed its removal of flags to "routine maintenance." Critics, however, have pointed out that in many cases Palestinian flags have not been subject to the same treatment.Reform UK MP Lee Anderson called the policy of removing flags "nothing short of a disgrace and shows utter contempt for the British people."




In recent months, the UK has seen increasing public protests against soaring migration. Organizers have described the rallies not as far-right actions but as efforts to challenge what they call a malfunctioning government system.

**RT**

# Iran, Russia FMs hold talks on nuclear deal and IAEA cooperation

MOSCOW August 23

Iranian and Russian foreign ministers Abbas Araghchi and Sergey Lavrov discussed nuclear issues and Tehran's cooperation with the International Atomic Energy Agency (IAEA), the Iranian Foreign Ministry said in a statement.

"During the conversation, the parties exchanged views on the development of the situation with the Iranian nuclear issue, in particular regarding the actions of three European countries (Germany, the UK and France) in anticipation of the legal expiration of UN Security Council Resolution 2231 (which approved the 2015 nuclear deal), and also discussed Iran's cooperation with the IAEA," the statement said.

The sides also assessed prospects for nuclear negotiations and stressed that UN Security Council Resolution 2231 expires on the designated date - October 18, 2025.

Araghchi, speaking about the idea of the three European countries to extend the resolution, said the decision on this would be made by UN Security Council members.

**Sputnik**

# 5 dead in tour bus crash in U.S. state of New York

NEW YORK August 23

Five people were confirmed dead as a tour bus crashed in the U.S. state of New York on Friday afternoon, the New York State Police announced.

The accident happened on Interstate 90 in Pembroke, Genesee County while the bus carrying more than 50 passengers was returning from Niagara Falls to New York City.

"At this time, we have multiple fatalities, multiple entrapments and multiple injuries," said James O'Callaghan, spokesperson for the New York State Police, adding that the total number of deaths and injuries is still being deter mined.

The crash occurred when the driver of the bus lost control of the vehicle as it traveled at "full speed," and every passenger on the bus had at least some sort of "cut, bruise or abrasion as an injury," he said.

The bus was "extremely damaged," many passengers had been ejected from the vehicle when it crashed, but the driver was "alive and well," the spokesperson added.

New York Governor Kathy Hochul said on X that she was briefed on the "tragic tour bus accident," adding that her team is coordinating with the State Police and local officials who are working "to rescue and provide assistance to everyone involved."

Mercy Flight, a nonprofit air medical transport service provider, said its three helicopters were transporting people from the crash site to area hospitals.

**Xinhua**

# 10 killed in autorickshaw-truck collision in India's Bihar

NEW DELHI August 23

At least 10 people were killed and three others critically injured Saturday in a collision between an autorickshaw and a truck in the eastern Indian state of Bihar, the police said.

The accident took place on Daniyawan-Hilsa state highway-4 in Patna, the capital city of Bihar.

"Today, a truck rammed into the autorickshaw, carrying 13 people, including the driver, that was coming from the opposite direction. Seven people were killed on the spot while three others succumbed to their injuries in the hospital," a senior police official said. "Three injured have been moved to the hospital, and their condition is stated to be critical."

Officials said of the 10 deceased, nine were women and the tenth was identified as the autorickshaw driver.

The autorickshaw was completely crushed due to the impact of the collision.

The police suspect the accident was caused by the truck driver, as he fled from the scene after the crash.

The police have registered a case and ordered an investigation to as certain the cause of the accident. A police team has been formed to arrest the truck driver.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 32

## must mustn't needn't

**A** **must** and **mustn't**

You **must** do something = it is necessary that you do it:

- Don't tell anybody what I said. You **must keep** it a secret.
- We don't have much time. We **must hurry.**

You **mustn't** do something = don't do it:

- You **must** keep it a secret. You **mustn't** tell anyone. (= don't tell anyone)
- We **must** be very quiet. We **mustn't** make any noise.

**B** **needn't** and **don't need to**

You **needn't** do something = it's not necessary to do it (but you can if you want):

- We have plenty of time. We **needn't hurry.** (= it is not necessary to hurry)
- Joe can stay here. He **needn't come** with us. (= it is not necessary for him to come)

You can also use **don't/doesn't need to:**

- We **don't need to** hurry.

Note that we say **'don't need to** do', but **'needn't do'** (without **to**).

Compare **needn't** and **mustn't:**

- You **needn't** tell Steve. I can tell him myself. (= it is not necessary)
- You **mustn't** tell Steve. I don't want him to know. (= don't tell him)

**C** **needn't have** (done)

Study this example situation:




Paul and Sarah reserved a table at a restaurant.
But when they went to the restaurant, it was almost empty.
They **needn't have reserved** a table.
This means: they reserved a table, but now they know this was not necessary.

Compare **needn't** (do) and **needn't have** (done):

- Everything will be OK. You **needn't worry.** (it is not necessary)
- Everything was OK. You **needn't have worried.** (you worried, but it was not necessary)

**D** **needn't have** (done) and **didn't need to** (do)

He **needn't have done** something = he did it, but now we know that it was not necessary:

- Why did he get up at 5 o'clock? He **needn't have got** up so early. He could have stayed in bed longer.

He **didn't need to do** something = it was not necessary to do it. It doesn't matter whether he did it or not:

- He **didn't need to get** up early, so he didn't.
- He **didn't need to get** up early, but it was a beautiful morning, so he did.

You can also say 'He **didn't have to** get up' in these examples.

**must** ('You must be tired') → **Unit 28** **have to** and **must** → **Unit 31**
Modal verbs **(can/could/will/would** etc.) → **Appendix 4** American English → **Appendix 7**

→ **Additional exercise 16** (page 311)

**Raymond Murphy**

## အဓိကစိန်ခေါ်မှုများကိုဖြေရှင်းပေးထားပြီး ၈၅၁ မိုင်ခရီးနှင်မယ့် GAC ရဲ့ SUV အသစ်



တရုတ်နိုင်ငံရဲ့ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ GAC က နည်းပညာပိုင်းဆိုင်ရာမှာအဆင့်မြှင့်တင်မှုများလုပ်ဆောင်ထားတဲ့ SUV ကားတစ်စီးကိုထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီကားက Hyptec HL EREV SUV ပါပဲ။ သူက ပေါင်းစပ်စွမ်းအင်စနစ်ကို အသုံးပြုထားတာပါ။ ပေါင်းစပ်စွမ်းအင်စနစ်ဆိုတာက လျှပ်စစ်စွမ်းအင်နဲ့ လောင်စာစွမ်းအင်တို့ကို အချိုးကျပေါင်းစပ်အသုံးပြုထားတာဖြစ်ပါတယ်။

ဒီစနစ်အရ လျှပ်စစ်စွမ်းအင်ချည်းသက်သက်နဲ့သာမောင်းမယ်ဆိုရင် ခရီးအကွာအဝေးက မိုင်ပေါင်း ၂၁၈ မိုင်အထိရောက်ရှိမှာဖြစ်ပြီး ပေါင်းစပ်စွမ်းအင်စနစ်ကိုသာအသုံးပြုလိုက်မယ်ဆိုရင် ၈၅၁ မိုင်အထိရောက်ရှိမှာပါ။ ဒါက တော်တော်လေးကို ဆွဲဆောင်မှုရှိစေတဲ့အချက်ပါပဲ။

Hyptec HL EREV SUV အတွက် အဓိကအကျဆုံးနည်းပညာက သူတို့ကိုယ်တိုင်ဖန်တီးထားတဲ့ Xingyuan အမည်ရှိခရီးအကွာအဝေးပိုမိုရောက်ရှိစေမယ့် နည်းပညာပဲဖြစ်ပါတယ်။ ဒီနည်းပညာက ပေါင်းစပ်စွမ်းအင်အသုံးပြုယာဉ်များမှာကြုံတွေ့ရလေ့ရှိတဲ့ စိန်ခေါ်မှုကြီးသုံးခုကိုဖြေရှင်းပေးထားတာပါ။ အဲဒီစိန်ခေါ်မှုတွေက စွမ်းအင်ကိုပိုမိုအသုံးပြုမှု၊ ရုတ်တရက် အရှိန်တင်မရမှုနဲ့တုန်ခါမှုများပြီး ဆူညံသံမြင့်မားမှုတို့ဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## လူ့အရေပြားကဲ့သို့ အပြည့်အဝအလုပ်လုပ်တဲ့ ကမ္ဘာ့ပထမဆုံးအရေပြားကို ဓာတ်ခွဲခန်းမှဖန်တီးထုတ်လုပ်နိုင်



ကွင်းစလန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက လူ့အရေပြားကဲ့သို့ လုပ်ငန်းတာဝန်များကို အပြည့်အဝလုပ်ဆောင်နိုင်တဲ့ ကမ္ဘာ့ပထမဆုံးအရေပြားကို ဓာတ်ခွဲခန်းမှဖန်တီးထုတ်လုပ်လိုက်နိုင်ပါတယ်။ ဒီလိုဖန်တီးထုတ်လုပ်နိုင်ဖို့အတွက် သိပ္ပံပညာရှင်များက ပင်မကလာပ်စည်းများကိုအသုံးပြုခဲ့တာပါ။

အခုဖန်တီးလိုက်တဲ့ အရေပြားထဲမှာ သွေးကြောများ၊ ဆံခြည်မျှင်သွေးကြောများ၊ မွေးညင်းပေါက်များ၊ တစ်သျှူးအလွှာများ၊ ကိုယ်ခံအားကလာပ်စည်းများလည်းပါဝင်ပါတယ်။ တကယ့်ကို လူသားအရေပြားအတိုင်းပါပဲ။ ဒီလိုအရေပြားမျိုးကို ဖန်တီးထုတ်လုပ်ဖို့အတွက် အချိန်ခြောက်နှစ်ခန့်ပေးခဲ့ရတယ်လို့ သိပ္ပံပညာရှင်တစ်ဦးဖြစ်တဲ့ အာဘတ်ရှာဖီးကပြောပါတယ်။

ဒီလိုမျိုး အပြည့်အဝအလုပ်လုပ်နိုင်စွမ်းရှိတဲ့အရေပြားကိုဖန်တီးနိုင်ခြင်းကြောင့် အရေပြားအစားထိုးလဲလှယ်ခြင်း၊ ဒဏ်ရာများကိုကုသခြင်း၊ အရေပြားနဲ့သက်ဆိုင်တဲ့ရောဂါများကိုလေ့လာခြင်းတို့အတွက် အလှည့်အပြောင်းတစ်ခုဖြစ်လာနိုင်တယ်လို့ ဒေါက်တာအာဘတ်ရှာဖီးကပြောထားပါတယ်။ **Ref: IE**

**ကိုထက်**

## ဂရပ်ဖင်းအခြေခံ အသက်ရှူအာရုံခံကိရိယာက လူတစ်ယောက်မှာ ဆီးချိုရောဂါရှိ၊ မရှိကို မိနစ်ပိုင်းအတွင်းသိရှိစေနိုင်





လူတစ်ယောက်မှာဆီးချိုရောဂါရှိ၊ မရှိဆိုတာကို အသက်ရှူရုံနဲ့စမ်းသပ်နိုင်တော့မှာဖြစ်သလို အချိန်ကလည်း မိနစ်ပိုင်းမျှသာကြာမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ပန်းပြည်နယ်ရှိသုတေသနပညာရှင်များက အာရုံခံကိရိယာတစ်မျိုးကို တီထွင်လိုက်တာကြောင့်ဖြစ်ပါတယ်။ အဲဒီအာရုံခံကိရိယာက မိမိတို့အနေနဲ့ အသက်ရှူပြီးပြန်ထုတ်လိုက်ချိန်မှာပါလာတဲ့ အက်ဆီတုန်းဓာတ်ငွေ့ကို ထောက်လှမ်းတာပါ။

အက်ဆီတုန်းဆိုတာက အဆီရဲ့ဇီဝဖြစ်စဉ်ကနေ သဘာဝအလျောက်ထွက်ပေါ်လာတဲ့ဓာတ်ငွေ့တစ်မျိုးဖြစ်ပါတယ်။ လူတိုင်းဟာ အသက်ရှူထုတ်လိုက်ချိန်တိုင်းမှာ အက်ဆီတုန်းလည်းတစ်ပါတည်းပါဝင်သွားတာဖြစ်ပါတယ်။ ဒါပေမဲ့ အက်ဆီတုန်းပါဝင်မှုပမာဏက ၁ ဒသမ ၈ နဲ့အထက်ဆိုရင်သာ သူ့မှာဆီးချိုရောဂါရှိနေတယ်ဆိုတာကို ဖော်ညွှန်းပြနေတာဖြစ်တယ်လို့ တွဲဖက်ပါမောက္ခလယ်ရီချန်းဦးဆောင်တဲ့ သုတေသနအဖွဲ့ရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားတာတွေ့ရပါတယ်။ သူ့ကိုအသုံးပြုဖို့အတွက်ဆိုရင် အိတ်တစ်လုံးထဲကိုလေရှူထုတ်လိုက်ရမှာဖြစ်ပြီး အာရုံခံကိရိယာက ထောက်လှမ်းမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## လပေါ်မှသည် အင်္ဂါဂြိုဟ်ဆီသို့အစီအစဉ်အတွက် NASA ကစက်ရုပ်ခွေးများကိုလေ့ကျင့်ပေးနေ



အော်ရီဂွန်ပြည်နယ် တက္ကသိုလ်မှ အင်ဂျင်နီယာများနဲ့ သိပ္ပံပညာရှင်များက ခြေလေးချောင်းပါစက်ရုပ်ခွေးများကို ပူပြင်းလှတဲ့သဲသောင်ခုံတစ်ခုမှာ စမ်းသပ်မှုလုပ်ဆောင်နေပါတယ်။ ပြီးတဲ့အခါ စက်ရုပ်ခွေးများသွားလာနေတဲ့ မျက်နှာပြင်ကို တခြားအရာနဲ့ပြောင်းလဲလိုက်ပါတယ်။

ဒီလိုစမ်းသပ်မှုလုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က စက်ရုပ်ခွေးတွေကို သူတို့ထိတွေ့တဲ့အရာနဲ့ပတ်သက်ပြီး စဉ်းစားနိုင်စွမ်း၊ လိုက်လျောညီထွေပြုမူနိုင်စွမ်း၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ရှိလာစေဖို့ဖြစ်တယ်လို့ သုတေသီများက ပြောထားပါတယ်။

သိပ္ပံပညာရှင်များက အခုလိုစမ်းသပ်မှုတွေလုပ်ဆောင်နေခြင်းဟာ NASA ကနေအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ လပေါ်မှသည် အင်္ဂါဂြိုဟ်ဆီသို့ဆိုတဲ့အစီအစဉ်အတွက်ဖြစ်ပါတယ်။ စက်ရုပ်ခွေးများအနေနဲ့ အင်္ဂါဂြိုဟ်ပေါ်မှာသွားလာလှုပ်ရှားချိန်မှာ အခုလိုမျိုးကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိမှသာ အဆင်ပြေစေမှာဖြစ်တဲ့အတွက် ဒီစမ်းသပ်မှုကိုလုပ်ဆောင်နေရတာဖြစ်ပါတယ်။

အင်္ဂါဂြိုဟ်နဲ့ ကမ္ဘာမြေတို့ကြားဆက်သွယ်မှုလုပ်ရတဲ့ကြာမြင့်ချိန်ဟာ မိနစ်ပိုင်းမျှရှိပါတယ်။ အကယ်၍ စက်ရုပ်ခွေးအနေနဲ့ အခက်အခဲနဲ့ကြုံတွေ့နေရတယ်ဆိုရင်ကမ္ဘာမြေပေါ်ကအမိန့်ကိုစောင့်ဆိုင်းနေလို့မရပါဘူး။ ကိုယ့်အားကိုယ်ကိုးရမှာသာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## တရုတ်နိုင်ငံရဲ့ဝေဟင်ထက်မှာပေါ်ထွက်လာတဲ့ Flying-wing အမျိုးအစား ကိုယ်ပျောက်ဒရုန်းအသစ်



ပြီးခဲ့တဲ့ရက်ပိုင်းတုန်းက တရုတ်နိုင်ငံရဲ့ ဝေဟင်ထက်မှာ Flying–wing အမျိုးအစားကိုယ်ပျောက်ဒရုန်းအသစ်တစ်စင်းပျံသန်းနေတဲ့ဓာတ်ပုံကိုတွေ့လိုက်ရပါတယ်၊ Flying–wing ဆိုတာက ကိုယ်ထည်နဲ့တောင်ပံသာပါပြီး အမြီးပိုင်းမပါဝင်တဲ့လေယာဉ်အမျိုးအစားကိုခေါ်တာဖြစ်ပါတယ်။

အခုမြင်ရတဲ့ လေယာဉ်အမျိုးအစားက အရွယ်အစားအားဖြင့်လည်းကြီးမားတယ်။ သူ့ကိုမြင်နိုင်စွမ်းလည်း အလွန်နည်းပါးတယ်။ ဒီဓာတ်ပုံကိုက ဘယ်အချိန်ဘယ်နေရာကနေထွက်ပေါ်လာတယ်ဆိုတာကိုတော့ သတင်းဌာနကြီးတွေက အတည်ပြုနိုင်ခြင်းမရှိပါဘူး။ ဒါပေမဲ့ မြင်တွေ့ရတဲ့ပုံစံအရ ယခုနှစ်အစောပိုင်းက ဂြိုဟ်တုဓာတ်ပုံထဲမှာမြင်တွေ့ခဲ့ရတဲ့ဒရုန်းနဲ့ ဆင်တူနေတယ်လို့ The War Zone ဝက်ဆိုက်ကဖော်ပြထားပါတယ်။

ဒီဒရုန်းနဲ့ပတ်သက်လို့ ဘယ်လိုထုတ်ပြန်ချက်မျိုးမှထွက်ပေါ်လာခြင်းမရှိသေးပေမယ့်လည်း အဲဒီဒရုန်းဟာမြင့်မားတဲ့အမြင့်ပေမှာပျံသန်းနိုင်စွမ်းရှိတဲ့အပြင် တာဝေးခရီးလည်းသွားနိုင်ကာ လျှို့ဝှက်ကင်းထောက်လုပ်ငန်းကို ဆောင်ရွက်နိုင်ဖွယ်ရှိတယ်လို့ သုတေသီများကသုံးသပ်ထားပါတယ်။ ခန့်မှန်းခြေအရ တောင်ပံအလျားပေ ၁၇၀ ဝန်းကျင်ရှိတဲ့ အဲဒီဒရုန်းကဗုံးကြဲလေယာဉ်မျိုးမဟုတ်တာတော့ သေချာပါတယ်။ **Ref: TWZ**

**ကိုထက်**

## အာတိတ်နှင့် အလက်စကာဒေသ၌ အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးနေဟု ရုရှားသမ္မတပြော

**မော်စကို၊ နိုင်ငံရေး**

အာတိတ်ဒေသနှင့် အလက်စကာဒေသတို့၌ အမေရိကန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးမှုများလုပ်နေကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောသည်။

"ကျွန်တော်တို့ရဲ့ အာတိတ်ဒေသနယ်ပယ်မှာသာမက အလက်စကာဒေသနယ်ပယ်မှာပါ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်ရေးအတွက် အမေရိကန်နိုင်ငံနဲ့ ဆွေးနွေးမှုတွေလုပ်ဆောင်နေပါတယ်"ဟု ပူတင်က ဩဂုတ်လ ၂၂ ရက်တွင် ရုရှားနျူကလီးယားစက်မှုလုပ်ငန်းအလုပ်သမားများနှင့်တွေ့ဆုံစဉ် ပြောခြင်းဖြစ်သည်။

ထို့ပြင် အာတိတ်ဒေသ၌ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောနည်းပညာကို ရုရှားနိုင်ငံကသာ ပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်း၊ ထိုအချက်ကြောင့်ပင် အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုများကိုရရှိလာခြင်းဖြစ်ကြောင်း ပူတင်က ပြောသည်။ ယင်းသို့ပူးပေါင်းဆောင်ရွက်မှုပဏာမခြေလှမ်းများသည် ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးကို အပြည့်အဝပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် အစအဖြစ်ယူဆထားကြောင်း ပူတင်ကပြောသည်။ **Ref: Sputnik**

## ပါကစ္စတန်၌ တောင်ပေါ်မှမြေပြိုကျမှုကြောင့်ဖြစ်ပေါ်လာသည့် ရေကန်က ကြီးမားသောရေလွှမ်းမိုးမှုဖြစ်ရန်ခြိမ်းခြောက်နေ



**ပက်ရှဝါ၊ သဘာဝဘေး**

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း၌ တောင်ပေါ်မှမြေပြိုကျမှုကြောင့်ဖြစ်ပေါ်လာသော အရှည် ၇ ကီလိုမီတာရှိသည့် ရေကန်ကြီးသည်အောက်ပိုင်းဒေသများအပေါ်ကြီးမားသောရေလွှမ်းမိုးမှုဖြစ်ရန် ခြိမ်းခြောက်နေကြောင်း တာဝန်ရှိသူများက ဩဂုတ်လ ၂၃ ရက်တွင် သတိပေးထားသည်။

တောင်ပေါ်မှပြိုကျလာသော မြေကြီးများနှင့်ရွှံ့ညွှန်များသည် ဂီဇာမြစ်ကြောင်းကိုပိတ်လိုက်သလိုဖြစ်နေသောကြောင့် ဂီဂစ်ဘာလတစ္စတန်ပြည်နယ်၌ အလွန်ကြီးမားသောရေကန်ကြီးကိုဖြစ်ပေါ်လာစေခြင်းဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါမြေကြီးများနှင့် ရွှံ့ညွှန်များပိတ်ဆို့မှုက မြစ်ကြောင်းကိုဆည်တားလိုက်သကဲ့သို့ဖြစ်နေကြောင်း၊ ထိုနေရာသည် မကြာမီတွင် ရေစီးအားဖြင့်ပြိုကျနိုင်ပြီး အောက်ပိုင်းရှိဒေသများကို ရေလွှမ်းမိုးမှုဖြစ်စေနိုင်ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဇာကာဟူစိန်က သတိပေးထားသည်။

လက်ရှိအချိန်တွင် အဆိုပါနေရာမှရေများကို စတင်ဖောက်ချနေသည့်အတွက် ဆည်တမံပြိုမှုဖြစ်ပွားနိုင်ခြေကိုလျှော့ချထားနိုင်သော်လည်း ယင်းရေကန်ကြီးကို အပြည့်အဝရေမဖောက်ချနိုင်သေးသမျှကာလပတ်လုံး မြစ်အောက်ပိုင်းရှိဒေသခံများအနေဖြင့် ရုတ်တရက်ရေကြီးမှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

ထို့ကြောင့် မြစ်အောက်ပိုင်းရှိ ဒေသခံများအနေဖြင့် ကုန်းမြင့်နေရာများသို့ရွှေ့ပြောင်းနေထိုင်ကြရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။ ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်မုတ်သုံရာသီတွင် သဘာဝဘေးကြောင့် လူ ၇၈၅ ဦး သေဆုံးထားပြီး ခိုင်ဘာပတ်တန်ခွာပြည်နယ်က သေဆုံးသူအများဆုံးဖြစ်ကြောင်းသိရသည်။

**Ref: ST**

## ထိုင်းနိုင်ငံ၌ ဆောက်လက်စ လူကူးခုံးကျော်တံတား ပြိုကျမှုဖြစ်ပွား ဘတ်ခုနစ်သန်းခန့် ဆုံးရှုံးမှုရှိ

**ချန်သာဘူရီ၊ မတော်တဆမှု**

ထိုင်းနိုင်ငံ၌ ဩဂုတ်လ ၂၂ ရက်ညပိုင်းတွင် တန်ချိန် ၁၀၀ ကျော်ရှိဆောက်လက်စလူကူးခုံးကျော်တံတားတစ်စင်း ပြိုကျမှုဖြစ်ပွားကြောင်း၊ အဆိုပါပြိုကျမှုကြောင့် ဆုံးရှုံးမှုသည် ဘတ်ခုနစ်သန်းအထိရှိနိုင်ကြောင်းသိရသည်။

ထိုလူကူးခုံးကျော်တံတားကို မက်ခမ်ခရိုင် မယ်ထိုင်ဈေးအနီးရှိ အမှတ် ၃၁၇ အမြန်လမ်းမကြီး၌ တည်ဆောက်နေခြင်းဖြစ်ပြီး ည ၁၀ နာရီ မိနစ် ၂၀ ဝန်းကျင်တွင် ပြိုကျခြင်းဖြစ်သည်။ ထိုသို့ပြိုကျမှုကြောင့် ခုံးကျော်တံတားအောက်တွင်ရပ်နားထားသည့် ဝန်ချီစက်နှင့်နောက်တွဲယာဉ်တို့မှာ ပျက်စီးသွားသည်။

ယခုကဲ့သို့ မတော်တဆမှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ အကြောင်းရင်းကိုမသိရသေးသော်လည်း မျက်မြင်တွေ့ရှိသူများ၏ ပြောဆိုချက်အရ လျှောက်လမ်းအတွက် ရက်မကကျိုးကျခြင်းမရှိဘဲ ၎င်းအောက်မှ ထောက်ပံ့ပေးထားသည့် တိုင်ပေါ်မှ ကျသွားခြင်းဖြစ်နိုင်ကြောင်း တာဝန်ရှိသူများက ယူဆထားသည်။ ထိုလျှောက်လမ်းက ၂ ဒသမ ၄ မီတာကျယ်ပြီး ၃၆ မီတာရှည်လျားကြောင်းသိရသည်။

**Ref: BP**

## နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရုရှားနှင့်တိုက်ရိုက်ဆွေးနွေးရန် ယူကရိန်းအသင့်ရှိ

**ကီယက်၊ နိုင်ငံရေး**

ယူကရိန်းနိုင်ငံသည် နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရုရှားနိုင်ငံနှင့်တိုက်ရိုက်ဆွေးနွေးရန်အသင့်ရှိကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် လက်ရှိနှစ်နိုင်ငံကြားရင်ဆိုင်ထားသည့် ရှေ့တန်းနေရာများသည် ယူကရိန်းသမ္မတဇီလန်စကီနှင့်ရုရှားသမ္မတဗလာဒီမာပူတင်တို့ကြား ညှိနှိုင်းဆွေးနွေးမှုများအတွက် စမှတ်များဖြစ်သင့်ကြောင်း ၎င်းကဆက်ပြောသည်။

"ကျွန်တော်တို့ရဲ့သမ္မတဇီလန်စကီက ရုရှားသမ္မတပူတင်နဲ့တွေ့ဆုံပြီး ဆွေးနွေးမှုတွေလုပ်ဖို့အတွက် အသင့်ရှိနေတယ်လို့ ရှင်းလင်းစွာပြောခဲ့ပြီးပါပြီ။ နယ်မြေပိုင်ဆိုင်မှုအရေးနဲ့ပတ်သက်ပြီး စတင်ဆွေးနွေးမယ်ဆိုရင်တော့ လက်ရှိရင်ဆိုင်ထားတဲ့နေရာတွေကနေသာ စတင်ဆွေးနွေးသင့်ပါတယ်"ဟု NBC News သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပထမလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဆာဂျီကီစလစ်ဆာက ပြောထားခြင်းဖြစ်သည်။



ထို့ပြင် ယူကရိန်းနိုင်ငံအတွက် လုံခြုံရေးအာမခံချက်ရရှိစေရေးနှင့်ပတ်သက်၍လည်း အမေရိကန်တာဝန်ရှိသူများက သဘောတူညီချက်မူကြမ်းကို ရေးဆွဲရန်ကြိုးစားနေကြောင်း၊ ထိုမူကြမ်းသည် လာမည့်သီတင်းပတ် အစောပိုင်းတွင် ထွက်ပေါ်လာနိုင်ကြောင်း၊ ယင်းနောက်တွင် နိုင်ငံ့ခေါင်းဆောင်များက ထိုကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ဥရောပနိုင်ငံများက ယူကရိန်းနိုင်ငံကို လုံခြုံရေးအာမခံချက်များရရှိစေရန် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါအာမခံချက်နှင့်ပတ်သက်၍ အမေရိကန်က အလုံးစုံထိန်းချုပ်သွားမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာပြီးနောက်၎င်းက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။ ရုရှားကမူ ယူကရိန်းနိုင်ငံအတွင်း ပြည်ပတပ်ဖွဲ့များ ဝင်ရောက်နေရာယူလာနိုင်မှုကို ကန့်ကွက်ထားကြောင်းသိရသည်။ **Ref: RT**

## ဂျပန်နိုင်ငံနှင့်အတူ အနာဂတ်ဆီသို့ ဆက်လက်လျှောက်လှမ်းမည်ဟု တောင်ကိုရီးယားကတိပြု

**ဆိုး၊ ချစ်ကြည်ရေး**

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံနှင့်အတူ အနာဂတ်ဆီသို့ဆက်လက်လျှောက်လှမ်းမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ပြောသည်။

ထို့ပြင် တောင်ကိုရီးယားသမ္မတလီဂျေမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှီဂဲရူအီရှီဘာတို့က အရှေ့အာရှဒေသရှိ အိမ်နီးချင်းနှစ်နိုင်ငံကြားတွင် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သွားမည်ဟု ထပ်မံအတည်ပြုကြောင်းသိရသည်။

တောင်ကိုရီးယားသမ္မတသည် ဩဂုတ်လ ၂၃ ရက်တွင် ဂျပန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် ယခုကဲ့သို့အတည်ပြုခြင်းဖြစ်ပြီး ၎င်းအနေဖြင့် ဩဂုတ်လ ၂၅ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးမှုလုပ်ဆောင်သွားမည်ဖြစ်သည်။

ယခုဂျပန်နိုင်ငံသို့ခရီးစဉ်သည် လီဂျေမြောင်အနေဖြင့် တောင်ကိုရီးယားသမ္မတအဖြစ်တာဝန်ယူပြီးနောက် ပထမဆုံးသောပြည်ပခရီးစဉ်ဖြစ်သည်။ ထိုခရီးစဉ်တွင် တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးကိစ္စရပ်များကိုသာမက ယခင်သမ္မတများလက်မှတ်ရေးထိုးထားသည့် တောင်ကိုရီးယား-ဂျပန်-အမေရိကန် သုံးနိုင်ငံ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံစလုံးရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများဖြစ်သော ကလေးမွေးဖွားနှုန်းကျဆင်းခြင်း၊ သက်ကြီးရွယ်အိုလူဦးရေများပြားလာခြင်းကဲ့သို့ ကိစ္စရပ်များကိုကိုင်တွယ်ဖြေရှင်းရေးအတွက် ပူးတွဲအတိုင်ပင်ခံအဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဉာဏ်ရည်တုနည်းပညာနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်အပါအဝင် အဆင့်မြင့်နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Ref: YH**

# စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်မြေဩဇာသွင်းအားစုများပေးအပ်ပွဲနှင့် သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ စုပေါင်းကြဲပက်

နေပြည်တော် ဩဂုတ် ၂၃

ပုဗ္ဗသီရိမြို့နယ် ပတ္တာရွာဟောင်းရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပျိုးခြံအမှတ်-၂ ပျိုးခြံအတွင်း နှစ်တို၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ ပျိုးထောင်ထားရှိမှုများနှင့် ပျိုးပင်များ ပျိုးထောင်ရန်အတွက် မြေဆွေးအိတ်များ ပြုလုပ်ခြင်းနှင့် သဘာဝမြေဆွေးများပြုလုပ်ထားရှိမှုများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကုမုဒြာကြာပန်းအဝိုင်းအနီး ရာဇသင်္ဂဟလမ်းတွင် လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများ၊ ပလက်ဖောင်းများ ပြုပြင်ထားရှိမှုများ၊ မြေယာရှုခင်းနှင့် ပန်းအလှပင်များ ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဇမ္ဗူသီရိမြို့နယ်အောင်ဇမ္ဗူရပ်ကွက်သို့သွားရောက်ပြီး မဟာစည်သာသနာ့ရိပ်သာအဝင်လမ်းတွင်ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူလူထုများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပျဉ်းမနားမြို့ အောင်ချမ်းသာရပ်ကွက် ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးဆောင်ရွက်နေသူများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာကွင်းအမှတ်-၁၇၀၄ သို့သွားရောက်၍ မိုးစပါးစိုက်ခင်းအားသဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစုပေါင်းကြဲပက်ပွဲနှင့် နေကြာမျိုးစေ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ နေကြာမျိုးစေ့များအား တောင်သူများထံပေးအပ်သည်။



ထို့နောက်တောင်သူဒေါ်သန်းသန်းစိန်၏ လယ်တွင် မိုးစပါးအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစုပေါင်းကြဲပက်နေမှုကိုလည်းကောင်း၊ စပါးခွံ၊ ကြံမြုပ်ချေးတို့ဖြင့် သဘာဝမြေဩဇာပြုလုပ်နည်း သရုပ်ပြသခြင်းနှင့်သဘာဝမြေဩဇာပုံများ ပြုလုပ်ထားရှိမှုများကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ဈေးကုန်းကျေးရွာ၌ ကျေးရွာအတွင်း လမ်းဘေးဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျောက်စီရေမြောင်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာသို့သွားရောက်၍ ကျေးရွာလူထုခန်းမတွင်ကျင်းပသည့် မိုးစပါးတောင်သူများသို့သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ဓာတ်မြေဩဇာသွင်းအားစုများကို တောင်သူများထံပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ဗဟိုသိုလှောင်ရုံ(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေးပြီး ဘေးဒုက္ခခံစားသူများအား ထောက်ပံ့မည့်ပစ္စည်းများဖြစ်သဖြင့် သိုလှောင်ရုံလက်စွဲနှင့်အညီ စနစ်တကျ ထိန်းသိမ်းထုတ်ပေးရေး အသင့်ပြင်ထားရန် မှာကြားသည်။

ယင်းနောက် ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၌ မျက်မမြင်ကျောင်းသား၊ ကျောင်းသူများအား စာပေသင်ကြားနေမှု၊ မျက်မမြင် ပုံနှိပ်စာအုပ်ထုတ်လုပ်နေမှု၊ Audio Book အတွက် အသံဖမ်းခန်းနှင့် သက်မွေးပညာသင်ခန်းများဖြစ်သည့် ကြိမ်ထိုးလုပ်ငန်း၊ အနှိပ်လုပ်ငန်းများကို ကြည့်ရှုအားပေး၍ မျက်မမြင်ကျောင်းသား၊ ကျောင်းသူများက အနောက်တိုင်းတီးဝိုင်းဖြင့် တီးခတ်သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ အမျိုးသမီးကလေးများသင်တန်းကျောင်း(ရန်ကုန်)ရှိကျောင်းဆောင်များကိုကြည့်ရှုစစ်ဆေးပြီး မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာန၏လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) ကို လှည့်လည်ကြည့်ရှုပြီး သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားကြောင်း သိရသည်။ **မြဝတီ**

# ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်နှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး




နေပြည်တော် ဩဂုတ် ၂၃

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးအမှတ်(၄၄)၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ အလုပ်ခွင်မတော်တဆထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသော “မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း”မှ အရာထမ်းများဖြစ်ကြသည့် အာမခံအလုပ်သမား ဒုတိယအထွေထွေမန်နေဂျာဦးသက်မျိုးနိုင်နှင့် မန်နေဂျာ ဒေါ်အေးအေးသန့်တို့နှစ်ဦးသည် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်သွားခဲ့သည့် မန္တလေးငလျင်ကြောင့် လုပ်ငန်းခွင်ထိခိုက်သေဆုံးခဲ့သည့်အတွက် ဒုတိယအထွေထွေမန်နေဂျာ ဦးသက်မျိုးနိုင်၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၈၀၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ဟိန်းသဥ္ဇာစိုးအားလည်းကောင်း၊ မန်နေဂျာ ဒေါ်အေးအေးသန့်၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၈၀၀၀၀၀၀ ကို ခင်ပွန်းဖြစ်သူ ဦးစိုးဝင်းအားလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများရှေ့မှောက်တွင် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ပုဗ္ဗသီရိမြို့နယ်နှင့်ဇေယျာသီရိမြို့နယ်တို့အတွင်း နှမ်း၊ မိုး၊ ဆောင်း ရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့်ဇေယျာသီရိမြို့နယ်တို့အတွင်း နှမ်း၊ မိုး၊ ဆောင်း သီးနှံများရာသီပြည့်စိုက်ပျိုးပြီး ဒေသ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးနှင့် စားရေရိက္ခာဖူလုံပိုလျှံရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည်ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စုမှ တောင်သူများနှင့်တွေ့ဆုံပြီး နှမ်း၊ မိုး၊ ဆောင်း သီးနှံများ ရာသီပြည့်စိုက်ပျိုးမည့် ဧရိယာအတွင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းနှင့် ဓာတ်မြေဩဇာ စနစ်တကျထည့်သွင်းရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးနည်းစနစ်များမှန်ကန်စွာလိုက်နာဆောင်ရွက်ရေး၊ ရာသီအလိုက် အချိန်မီ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေးနှင့် မျိုးစေ့များ အချိန်မီရရှိရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် အောင်သာကျေးရွာနေတောင်သူ ဦးဇော်လွင်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အရင်းမပျောက်မတည်ငွေဖြင့် ၃ လက်မ စက်ရေတွင်းတူးဖော်ထားရှိမှုနှင့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေထုတ်ယူသုံးစွဲနေမှု၊ စက်ရေတွင်းတူးဖော်ရန် မြေအောက်ရေ အလားအလာရှိသောနေရာများနှင့် ဆင်သေချောင်းတို့တွင် ဆိုလာစနစ်အနိမ့်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးကြည့်ရှုကြောင်း သတင်းရရှိသည်။

**မြဝတီ**

## မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# မွန်ပြည်နယ် မော်လမြိုင်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

မော်လမြိုင် ဩဂုတ် ၂၃

မွန်ပြည်နယ်အတွင်း မြို့နယ်များအားလုံးတွင် သန့်ရှင်း၍ သာယာလှပပြီး မြို့အင်္ဂါရပ်များနှင့်ကိုက်ညီစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် လေယာဉ်ကွင်းရှေ့ မော်လမြိုင်တက္ကသိုလ်ပတ်လမ်းတွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ယူရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းများကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ရပ်ကွက်နေပြည်သူများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် "ကိုယ်ဝန်ဆောင်ကာလ အာဟာရ ပြည့်ပြည့်ဝဝစားကြစို့" ဗီဒီယိုအားပြသကာ ပြည်နယ်အဆင့် မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့သည့် နို့တိုက်မိခင်နှစ်ဦးကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။



ထို့နောက် ပြည်နယ်အဆင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိခဲ့သည့် နို့တိုက်မိခင်များကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကိုယ်ဝန်ဆောင်မိခင်များကို အဏုအာဟာရဆေးပြားများနှင့်အာဟာရပစ္စည်းများကိုလည်းကောင်း၊ အသက် ငါးနှစ်အောက် ကလေးများကို အင်အားပြည့် ဗီတာမင်အေဆေးလုံးတိုက်ကျွေးကာ လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကာ ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မူမူအေး**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများနှင့် ဗန်းမော်ခရိုင်မှ ပညာရေးဝန်ထမ်းများကို ဆန်နှင့်အခြေခံစားသောက်ကုန်များထောက်ပံ့



မြစ်ကြီးနား ဩဂုတ် ၂၃

မြစ်ကြီးနားမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစခန်းနှင့် ဗန်းမော်ခရိုင်မှ ပညာရေးဝန်ထမ်းများအတွက် ဆန်နှင့်အခြေခံစားသောက်ကုန်များကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ယနေ့နံနက် ၉ နာရီတွင် သွားရောက်ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်အတွင်း ဦးလာမြာတားပိုင် ခြံကွက်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်လျက်ရှိသော ဝိုင်းမော်မြို့နယ်အတွင်းမှအိမ်ထောင်စုများကို ရွှေစက်နှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်း၌ တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အိမ်ထောင်စု ၁၇၀ အတွက် စုစုပေါင်း ငွေကျပ် ၁၈၇၂၉၀၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်ပါ ၃၅ အိတ်၊ ဆီ ၃၆ ပိဿာ၊ ကြက်ဥအလုံး ၃၄၀၀ နှင့် ဗလာစာအုပ် ၁၂၀ တို့ကို ထောက်ပံ့ပေးအပ်ရာ စခန်းတာဝန်ခံက ကျေးဇူးတင်စကားနှင့် အိမ်ထောင်စုများအတွက် လိုအပ်ချက်များကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စခန်းအတွင်း ကျောင်းသားကလေးများ စာကျက်ဆောင်ဆောက်လုပ်နိုင်ရေး ဝါးများဝယ်ယူရန် ငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနားမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမ၌ ဗန်းမော်ခရိုင်မှ နယ်မြေလုံခြုံရေးအခြေအနေအရ ပြည်နယ်ရုံးများတွင် တွဲဖက်လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗန်းမော်ခရိုင်အတွင်းမှ ထောက်ပံ့ရန်ကျန်ရှိသည့် ပညာရေးဝန်ထမ်းမိသားစု ၃၆ စုတို့အတွက် စုစုပေါင်းငွေကျပ် ၃၆၆၁၂၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်ပါ ၃၆ အိတ်၊ ဆီ ၃၆ ပိဿာနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ကြရာ ဝန်ထမ်းများကိုယ်စား ကျောင်းဆရာတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ U-13 ၊ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ဟိုပုံး ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ U -13၊ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက ပြိုင်ပွဲဝင် U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနယ်မြေ အမျိုးသားဘောလုံးအသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း ဖာလိုင်(မိုင်းပျဉ်း) အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနယ်မြေ အမျိုးသားဘောလုံးအသင်းက ၇ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

U-13 အမျိုးသားဘောလုံးပြိုင်ပွဲကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ အားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ အသင်း ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်၍ U-17 အမျိုးသားဘောလုံးပြိုင်ပွဲကို မြို့မအားကစားကွင်း၌ အခြေခံပညာကျောင်းများမှ အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်ဘက်စုံသုံးခန်းမနှင့် ပေါင်းလောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် ယာယီနေရပ်စွန့်ခွာ ပြည်သူများကို သွားရောက်အားပေးစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ပေါင်းလောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဝင်လမ်း၌



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုပျက်စီးသွားသည့်နေရာများနှင့် ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားကာ ပင်လောင်းမြို့နယ် ဘန့်ဘာကျေးရွာအုပ်စု ရေးအေးရွာသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းသွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# စစ်တွေမြို့နယ် ခေါင်းဒုက္ကာ(၂) IDP စခန်းတွင် သစ်တိုင်၊ ထရံကာ၊ သွပ်မိုးဖြင့် အဆောက်အအုံအလုံး ၄၀ ဆောက်လုပ်ခြင်းနှင့် ရေတုံကင် ၂၄ လုံးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



**စစ်တွေ ဩဂုတ် ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခေါင်းဒုက္ကာ(၂) IDP စခန်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-စစ်တွေအဝေးပြေးလမ်းမကြီးပေါ်ရှိ စစ်တွေမြို့ မြို့ဝင်မုခ်ဦးတည်ဆောက်မည့် အဆိုပြုနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ခေတ်မီဆန်းသစ်သော ဒီဇိုင်းလက်ရာများနှင့် ခန့်ညားထည်ဝါစွာဖြစ်ပေါ်စေရေး၊ ခိုင်ခံ့မှုရှိစေရေးတို့အတွက် သက်ဆိုင်ရာအင်ဂျင်နီယာများ၏ အကြံဉာဏ်များနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်မှာကြားကာ မြို့ဝင်မုခ်ဦးတည်ဆောက်မည့်အဆိုပြုမြေနေရာနှင့် ပတ်ဝန်းကျင်နေရာများတွင် ရေမြောင်းများစနစ်တကျဖြစ်စေရေးနှင့် မြေယာရှင်းပြုလုပ်မည့်နေရာများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် စစ်တွေမြို့နယ်ခေါင်းဒုက္ကာ(၂) IDP စခန်းတွင် သစ်တိုင်၊ ထရံကာ၊ သွပ်မိုးဖြင့် အလျား ၄၈ ပေ၊ အနံပေ ၃၀ အဆောက်အအုံအလုံး ၄၀ ဆောက်လုပ်ခြင်းနှင့် ရေတုံကင် ၂၄ လုံးတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စခန်းတာဝန်ခံများနှင့်ပေါင်းစပ်ပြီး စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ခေါင်းဒုက္ကာ(၂) IDP စခန်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေတုံကင်များတပ်ဆင်ထားရှိမှု၊ ဆိုလာစနစ်ဖြင့် လုံခြုံရေးမီးများ တပ်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခေါင်းဒုက္ကာ(၂) IDP စခန်းတွင် နေထိုင်ကြသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအေးချမ်းစွာ ပညာသင်ကြားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကာ ဆရာ၊ ဆရာမများကို စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မုံရွာပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မုံရွာ ဩဂုတ် ၂၃**

မုံရွာပညာရေးဒီဂရီကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်းဝင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မုံရွာခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုအားပေးကြသည်။

ထို့နောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသူများအား စားသုံးဆီ၊ ဆန်နှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုကို ကြည့်ရှုအားပေး၍ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပြီး ကျောင်းစာကြည့်တိုက်ရှိ သုတရသစာအုပ်စာစောင်များထားရှိမှုကိုကြည့်ရှုကာ ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ယင်းနောက် မုံရွာမြို့ပေါ်ရှိ ရပ်ကွက် ၁၈ ခုတွင် နေထိုင်ကြသည့်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် နေ့စဉ်ရေဂါလန် ၁၀ သန်း ထုတ်လုပ်ပေးနေသည့် သလ္လာဝတီရပ်ကွက်ရှိ AQUA PURA ရေသန့်စင်ရေးနှင့် ရေပေးဝေရေးလုပ်ငန်း၊ တစ်ရက်လျှင် သောက်ရေသန့် တစ်လီတာဘူး ၂၀၀၀ ထုတ်လုပ်နေသည့် R PAW (အာပေါ) သောက်ရေသန့်စက်ရုံနှင့်အနောက်ဘက်ကန်သာယာတွင် ရေဂါလန်သန်း ၃၀ ကျော် သိုလှောင်ရေစစ်နိုင်သည့် မြို့ရေပေးဝေရေး ရေစစ်ကန်၌ ရေသိုလှောင်ထားနိုင်မှုကို ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အနောက်ဘက်ကန်သာယာတွင် မြေထိန်းကွန်ကရစ်ပြားတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီအရည်အသွေးကောင်းမွန်စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**အေးသန္တာ**

# ပုသိမ်မြို့တွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုသိမ် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိတိုင်း၊ ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲယာများ သန့်ရှင်းသာယာလှပရေး တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ရွှေစည်းခုံဘုရားလမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်မြို့နယ် ကြခတ်ချောင်ကျေးရွာ တောင်သူဦးဌေးလွင်၏ စိုက်ကေင်းကေ၌ အောင်နိုင်တိုးစပါးမျိုး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ထောက်ပံ့ငွေများပေးအပ်ကာ ယာယီနေရပ်စွန့်ခွာပြည်သူများအား လူဦးရေစာရင်းကောက်ယူခြင်းနှင့်ထောက်ပံ့ငွေပေးအပ်နေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃)ဖြင့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနေမှု၊ မဲစာရင်းပြုစုရာတွင်အခြေခံသည့် လူဦးရေစာရင်းအချက်အလက်များ မှန်ကန်မှုရှိစေရေး ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုသိမ်မြို့ ရွှေမြင့်မိုရ်စက်မှုလုပ်ငန်းသို့သွားရောက်၍ မျိုးစေ့ချကိရိယာ (Drum Seeder)များ တပ်ဆင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသနှင့်ကိုက်ညီသည့် အရည်အသွေးကောင်းမွန်သော မျိုးစေ့ချကိရိယာများ ထုတ်လုပ်နိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

**အေးအေးဝင်း**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၈-၂၀၂၅

| | | | | |
|---|---|---|---|---|
| ပေါင် | ၇ | ဒသမ | ၁၆ | လက်မ |
| သထုံ | ၆ | ဒသမ | ၅၇ | လက်မ |
| ထားဝယ် | ၆ | ဒသမ | ၂၆ | လက်မ |
| ဘားအံ | ၅ | ဒသမ | ၉၅ | လက်မ |
| ဘီးလင်း | ၅ | ဒသမ | ၇၅ | လက်မ |
| ပုသိမ် | ၅ | ဒသမ | ၃၉ | လက်မ |
| ကျိုက္ခမီ | ၄ | ဒသမ | ၈၄ | လက်မ |
| မော်လမြိုင် | ၄ | ဒသမ | ၁၈ | လက်မ |
| မုဒုံ | ၃ | ဒသမ | ၇၈ | လက်မ |

# ဘောလုံးရာသီကြိုပြင်ဆင်မှုများနှင့် ပြိုင်ဆိုင်မှုပြင်းထန်နေမည့် ဥရောပအမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်




## အဲဗာတန် Vs ဘရိုက်တန်

**ကစားမည့်ရက် / အချိန်**

(၂၄-၈-၂၀၂၅ ရက် ည ၇:၃၀ နာရီ)

**တွေ့ဆုံမှုနောက်ဆုံးသုံးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၁ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၀ | - | ၃ | ဘရိုက်တန် |
| ဘရိုက်တန် | ၀ | - | ၁ | အဲဗာတန် |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| အဲဗာတန် | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဘရိုက်တန် | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(သရေ) |

**ခန့်မှန်းရလဒ်**

အဲဗာတန် ၁ - ၀ ဘရိုက်တန်

အဲဗာတန်အသင်းအနေနဲ့ ပြီးခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၁)မှာ အိမ်ကွင်းတိုက်စစ်ကောင်းမွန်တဲ့ လိဒ်အသင်းကို ထိန်းချုပ်ကစားနိုင်ပြီး ပွဲပြီးဆုံးခါနီး ၈၄ မိနစ်မှာ ပေးလိုက်ရတဲ့ပယ်နယ်တီဂိုးကြောင့်သာ ရှုံးနိမ့်ရတာကိုကြည့်ရင် နည်းပြမိုရက်စ်က အသင်းကို တစ်ကျော့ပြန်ကိုင်တွယ်ခွင့်ရချိန်မှာ အကောင်းဆုံးပြင်ဆင်ထားနိုင်တယ်လို့ဆိုရမှာပါ။ သူတို့အသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ခြေစွမ်းပိုင်း သာမန်သာရှိတယ်ဆိုပေမယ့် လက်ရှိပြင်ဆင်မှုပိုင်းမှာတော့ မန်စီးတီးအသင်းက ဂရီးလစ်ချ်ကို အငှားနဲ့ခေါ်ယူအားဖြည့်ထားသလို ဗီလာရီးယဲလ်အသင်းကနေ ခေါ်ယူထားတဲ့ ဘယ်ရီတို့လို ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းကို အခုပွဲစဉ်မှာ စောင့်ကြည့်ရဦးမှာပါ။ ဒါ့ပြင် သူတို့အသင်းရဲ့ လက်ရှိခံစစ်ပိုင်းစွမ်းဆောင်ရည်က အခုအိမ်ကွင်းပွဲစဉ်မှာ ဘရိုက်တန်လိုအသင်းကိုတော့ အကောင်းဆုံးထိန်းချုပ်ကစားလာနိုင်ပါတယ်။

ဘရိုက်တန်အသင်းကတော့ ရာသီကြိုခြေစမ်းပွဲလေးပွဲမှာ သုံးပွဲအနိုင်ရရှိထားပြီး တစ်ပွဲသာသရေကျပေမယ့် ပြီးခဲ့တဲ့ ဖူလ်ဟမ်အသင်းနဲ့ အဖွင့်ပွဲစဉ်မှာတော့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ပြီး နိုင်ပွဲပျောက်ဆုံးခဲ့ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီက အဆင့်(၈)နေရာနဲ့ ရာသီသိမ်းခဲ့တဲ့ ဘရိုက်တန်အသင်းအနေနဲ့ တစ်ရာသီလုံးမှာ အိမ်ကွင်းရှုံးပွဲသုံးပွဲသာရှိတဲ့အထိ စွမ်းဆောင်ရည်ကောင်းခဲ့ပါတယ်။ ဒါပေမဲ့ ဖူလ်ဟမ်အသင်းနဲ့ပွဲစဉ်မှာတော့ ဂိုးရရှိဖို့ ရုန်းကန်ခဲ့ရတာကြောင့်လည်း သူတို့အသင်းရဲ့ လက်ရှိတိုက်စစ်ပိုင်းကို သတိပြုရဦးမှာပါ။ ဒါ့ပြင် ပုံစံကောင်းရဖို့ ရုန်းကန်နေရပြီး တိုက်စစ်မှူး ဝဲလ်ဘတ်ကိုသာ ဂိုးရဖို့ အားကိုးနေရတဲ့အနေအထားမှာ ခံစစ်ပိုင်းကောင်းမွန်နေတဲ့ အဲဗာတန်အသင်းကို ဖိအားပေးနိုင်ဖို့တော့ ခက်ခဲနေဦးမှာပါ။

ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုနောက်ဆုံး ၁၀ ကြိမ်မှာ အဲဗာတန်အသင်းက သုံးကြိမ်နိုင်၊ သုံးကြိမ်သရေကျထားပြီး လေးကြိမ်ရှုံးနိမ့်ထားပါတယ်။ ဒါပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားပြင်ဆင်မှုပိုင်းမှာတော့ နည်းပြမိုရက်စ်ရဲ့ အဲဗာတန်အသင်းက အသာရနေတာကြောင့် ဘရိုက်တန်အသင်း အခုအဝေးကွင်းပွဲစဉ်မှာလည်း နိုင်ပွဲပျောက်ဆုံးနေဦးမှာပါ။

## အိုဆာဆူနာ Vs ဗလင်စီယာ

**ကစားမည့်ရက် / အချိန်**

(၂၄-၈-၂၀၂၅ ရက် ည ၉:၃၀ နာရီ)

**တွေ့ဆုံမှုနောက်ဆုံးသုံးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၀ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၀ | - | ၀ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၃ | - | ၃ | ဗလင်စီယာ |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| အိုဆာဆူနာ | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| ဗလင်စီယာ | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(သရေ) |

**ခန့်မှန်းရလဒ်**

အိုဆာဆူနာ ၀ - ၁ ဗလင်စီယာ

အိုဆာဆူနာအသင်းက ပြီးခဲ့တဲ့စပိန်လာလီဂါ ပွဲစဉ်(၁) အဝေးကွင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းကို ၁ ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပါတယ်။ နည်းပြသစ် အဲလက်စ်စီအိုနဲ့ ပွဲထွက်လာတဲ့အိုဆာဆူနာအသင်းအနေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို အိမ်ကွင်းမှာ ပယ်နယ်တီတစ်ဂိုးတည်းနဲ့ရှုံးနိမ့်တာဖြစ်လို့ အဲဒီပွဲမှာ သူတို့အသင်းရဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကိုတော့ အသိအမှတ်ပြုရမှာပါ။ အိုဆာဆူနာအသင်းရဲ့ ရာသီကြိုခြေစမ်းပွဲသုံးပွဲမှာ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ခံစစ်ပိုင်းအားနည်းတယ်ဆိုပေမယ့် နည်းပြ အဲလက်စ်စီအိုကတော့ အဖွင့်ပွဲစဉ်မှာ အကောင်းဆုံးပြင်ဆင်လာနိုင်တာကို တွေ့ရပါတယ်။ ဒါ့ပြင် ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အဆင့်(၉)နေရာနဲ့ ရာသီသိမ်းခဲ့တာက အိမ်ကွင်းမှာ သုံးပွဲသာရှုံးနိမ့်တဲ့အထိ စွမ်းဆောင်ရည်ကောင်းခဲ့တာကြောင့်ပါ။ ဒါကြောင့် ကစားသမားဖြည့်တင်းမှု ကြီးကြီးမားမားမရှိပေမယ့် အိမ်ကွင်းဆိုရင် အသင်းလိုက်စွမ်းဆောင်ရည် ကောင်းတတ်တာကို သတိပြုရပါလိမ့်မယ်။

ဗလင်စီယာအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရပြီး တန်းဆင်းဇုန်အထက်အမှတ်ကွာဟမှုကျဉ်းမြောင်းစွာနဲ့ ရပ်တည်ခဲ့ရတာကြောင့် နည်းပြကိုဘီရန်အား ခန့်အပ်ခဲ့ရပြီး သူရဲ့စွမ်းဆောင်မှုနဲ့ပဲ အမှတ်ပေးဇယား အဆင့်(၁၂) နေရာနဲ့ ရာသီသိမ်းနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဝါရင့်ကစားသမားဖြစ်တဲ့ အသင်းခေါင်းဆောင် ဟိုဆေးဂါယာ ဦးဆောင်တဲ့ဗလင်စီယာအသင်းမှာ ဟူဂိုဒူရိုလို တိုက်စစ်မှူးကလည်း အကောင်းဆုံးစွမ်းဆောင်ထားနိုင်သလို အသင်းမှာရှိနေတဲ့ စပိန်ကစားသမားအများစုအနေနဲ့လည်း အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်နေတာကြောင့် အိုဆာဆူနာအသင်းကို ခြေရည်တူကစားနိုင်စွမ်းရှိနေပါတယ်။

အိုဆာဆူနာအသင်းက ဗလင်စီယာအသင်းကို အိမ်ကွင်းနောက်ဆုံးငါးကြိမ် ဧည့်ခံကစားထားရာမှာ တစ်ကြိမ်သာအနိုင်ရထားတာကို တွေ့ရပါတယ်။ အခုပွဲစဉ်မှာလည်း ရလဒ်ကောင်းနိုင်ဖို့ အကောင်းဆုံးပြင်ဆင်ကစားလာနိုင်လို့ အိုဆာဆူနာအသင်း အခက်တွေ့နိုင်ပါတယ်။ ဒါကြောင့် အိုဆာဆူနာအသင်းရဲ့ အိမ်ကွင်းခြေစွမ်းမာကျောမှုရှိတယ်ဆိုပေမယ့်လည်း အစဉ်အလာနဲ့ ကစားသမားပြင်ဆင်မှုအပိုင်းမှာ အသာရနေတဲ့ ဗလင်စီယာအသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

## မိန့်ဇ် Vs ကိုလုံး

**ကစားမည့်ရက် / အချိန်**

(၂၄-၈-၂၀၂၅ ရက် ည ၈:၀၀ နာရီ)

**တွေ့ဆုံမှုနောက်ဆုံးသုံးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလုံး | ၁ | - | ၁ | မိန့်ဇ် |
| ကိုလုံး | ၀ | - | ၀ | မိန့်ဇ် |
| မိန့်ဇ် | ၁ | - | ၁ | ကိုလုံး |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| မိန့်ဇ် | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ကိုလုံး | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

**ခန့်မှန်းရလဒ်**

မိန့်ဇ် ၁ - ၁ ကိုလုံး

အခုပွဲစဉ်က မိန့်ဇ်နဲ့ ကိုလုံး နှစ်သင်းစလုံးရဲ့ ဘွန်ဒက်စ်လီဂါအဖွင့်ပွဲစဉ်ဖြစ်ပြီး ပြီးခဲ့တဲ့တစ်ပတ်က ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှာတော့ မိန့်ဇ်အသင်းက ဒိုင်နမိုဒရက်စ်ဒန်းအသင်းကို ၁ ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိပြီး ကိုလုံးအသင်းကတော့ ရီဂျင်းဘတ်အသင်းကို ၂ ဂိုး-၁ ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။

မိန့်ဇ်အသင်းအနေနဲ့ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီမှာ အမှတ်ပေးဇယားရပ်တည်မှုအဆင့်(၆)နဲ့ ရာသီသိမ်းခဲ့ရတာကြောင့်လည်း ပြီးခဲ့တဲ့ကြားရက်မှာ ဥရောပပြိုင်ပွဲဖြစ်တဲ့ ကွန်ဖရင့်လိဂ် ခြေစစ်ပွဲကို နော်ဝေကလပ် ရိုဇင်ဘော့အသင်းနဲ့ အဝေးကွင်းပွဲစဉ် သွားရောက်ယှဉ်ပြိုင်ကစားထားရပါတယ်။ အဲဒီပွဲစဉ်မှာ မိန့်ဇ်အသင်းအနေနဲ့ အိမ်ရှင်ရိုဇင်ဘော့အသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ကန်သွင်းမှုတို့မှာ ခြေရည်တူကစားနိုင်ခဲ့ပေမယ့် ပွဲပြီးခါနီး မိနစ် ၉၀ မှာပေးလိုက်ရတဲ့ နောက်ကျဂိုးကြောင့် ၂ ဂိုး-၁ ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ လက်ရှိအပြောင်းအရွှေ့ကာလမှာ ဖြည့်တင်းပြင်ဆင်မှုမရှိတဲ့ ကစားသမားစုဖွဲ့မှုကြောင့် ပွဲပန်းလာနိုင်ပြီး အခုဘွန်ဒက်စ်လီဂါ အိမ်ကွင်းအဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းနိုင်ဖို့ ရုန်းကန်ရဦးမှာပါ။

ကိုလုံးအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါ(၂)မှာ ချန်ပီယံဖြစ်ခဲ့ပြီး တန်းတက်လာတယ်ဆိုပေမယ့် သူတို့အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။ သူတို့အသင်းက နည်းပြသစ်လူးကပ်စ်လက်ထက် ရာသီကြိုခြေစမ်းပွဲအပါအဝင် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ သရေကျထားပြီး လေးပွဲအနိုင်ရရှိထားပါတယ်။ ဒါ့ပြင် အဲဒီငါးပွဲမှာလည်း ၁၈ ဂိုးသွင်းယူထားနိုင်ခဲ့တဲ့ တိုက်စစ်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေသလို ဒီနှစ်ကစားသမားအပြောင်းအရွှေ့ကာလမှာ ခေါ်ယူခဲ့တဲ့ မာရီးယပ်စ်၊ ဟန်ဆန်နဲ့ အော့ဇ်ကာဆာနဲ့ ဗန်ဒန်ဘာ့ဂ်တို့လို ကစားသမားသစ်တွေကြောင့် အသင်းရဲ့ လက်ရှိပုံစံကောင်းတွေကို ဆက်လက်ထိန်းထားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဦးမှာဖြစ်သလို ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာလည်း လက်စတာ၊ အတ္တလန်တာတို့လိုအသင်းတွေကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့အထိ စွမ်းဆောင်ထားနိုင်တဲ့ သူတို့အသင်းရဲ့ စုဖွဲ့မှုကြောင့် မိန့်ဇ်အသင်းအိမ်ကွင်းဖြစ်ပေမယ့် ထိန်းချုပ်ဖို့ခက်ခဲမှာပါ။

ဒီနှစ်သင်း ဘွန်ဒက်စ်လီဂါတွေ့ဆုံမှု နောက်ဆုံးငါးကြိမ်မှာတော့ တစ်ကြိမ်စီအနိုင်ရထားကြပြီး သုံးကြိမ်သရေကျထားပါတယ်။ ဒါ့ပြင် မိန့်ဇ်အသင်းရဲ့ အိမ်ကွင်းတွေ့ဆုံမှုတိုင်းမှာလည်း ကိုလုံးအသင်းအနေနဲ့ ခြေရည်တူကစားနိုင်စွမ်းရှိနေတာကို တွေ့ရပါတယ်။ ကိုလုံးအသင်းအနေနဲ့ တန်းတက်အသင်းဆိုပေမယ့် ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ အစဉ်အလာရှိတဲ့အသင်းဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းအရလည်း မိန့်ဇ်အသင်းကို ဖိအားပေးကစားနိုင်စွမ်းရှိနေပါတယ်။ အခုအဖွင့်ပွဲစဉ်မှာ ဧည့်သည် ကိုလုံးအသင်း သရေရလဒ်မျှော်လင့်နိုင်မှာပါ။




**စည်သူအောင်**

# မြန်မာနိုင်ငံ တက်ဘော (Teqball) အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၃

ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကစားသမားရွေးချယ်နိုင်ရန်ရည်ရွယ်ကျင်းပသည့် မြန်မာနိုင်ငံတက်ဘော(Teqball) အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၂၂ရက်က သဃ်န်းကျွန်းမြို့နယ် ဖူဆယ် Indoor Stadium (သုဝဏ္ဏ)၌ ကျင်းပသည်။

အဆိုပါတက်ဘောပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံတက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ပြိုင်ပွဲများယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသောအသင်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံတက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆုရရှိသွားသော Y.R.G အသင်းကို ဆုချီးမြှင့်ပေးအပ်သည်။

ယင်းပြိုင်ပွဲမှ ထူးချွန်အားကစားသမားများအား (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စခန်းသွင်းလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

---

# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ၏ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပွင့်ဖြူ ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေဖူလုံသည့်အတွက် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ဟင်းသီးဟင်းရွက်ကို အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်း၍ လုပ်ငန်းအဆင်ပြေကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေအဆင်ပြေသည့်အတွက် တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံးစီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ သီးနှံဝင်ငွေပိုမိုရရှိနိုင်ရန် သီးထပ်၊ သီးညှပ်ရောနှောစိုက်ပျိုးကြကြောင်း၊ အဓိကစိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များမှာ ဖရုံ၊ ဘူး၊ သခွား၊ ခဝဲ၊ ခရမ်းချဉ်၊ ခရမ်း(စိမ်း၊ ညို)၊ ပန်းမုန်လာ၊ ဂေါ်ဖီ၊ မုန်ညင်း၊ ကိုက်လန်၊ မုန်လာဥဖြူ၊ ငရုတ်၊ ကြက်သွန်(ဖြူ၊ နီ)၊ ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲ စသည့်ဟင်းသီးဟင်းရွက်များကို အားထားစိုက်ပျိုးကြကြောင်း၊ ဟင်းသီးဟင်းရွက်များကို စားသုံးသူပြည်သူများအတွက် အစားအစာဘေးကင်းလုံခြုံစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ပံ့ပိုးကူညီမှုဖြင့် အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်ဖြင့်သာ စိုက်ပျိုးကြောင်း၊ စိုက်ပျိုးရေအဆင်ပြေမှုကြောင့် စိုက်ပျိုးသမျှသီးနှံများ အောင်မြင်ဖြစ်ထွန်း၍ မိသားစုဝင်ငွေရရှိပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားရေရိက္ခာဖူလုံပိုလျှံစေရန် မုန်းချောင်းရေနှင့် မြေအောက်ရေကို အကျိုးရှိစွာအသုံးပြု၍ (နွေ၊ မိုး၊ ဆောင်း)တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး တောင်သူများအခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန်နှင့် အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးခြင်း၊ အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးခြင်း၊ ပိုးမွှားရောဂါကင်းရှင်းရေးအတွက် သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းစနစ်များ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

---

# အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)၌ မိုးရာသီအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)၌ ၂၀၂၅-၂၀၂၆ မိုးရာသီအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၂၃ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် BT အသင်းနှင့် ET အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီသရေကျပြီး ပယ်နယ်တီကန်သွင်းရာ BT အသင်းက ET အသင်းကို ၄ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိသည်။ ယင်းနောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ မိုးရာသီအားကစားပြိုင်ပွဲအဖြစ် ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများနှင့် နေရာအလိုက်အကောင်းဆုံးဆုရရှိသည့် အားကစားသမားများကို ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်နှင့်ဌာနမှူးများ၊ ဆရာ၊ ဆရာမများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါ မိုးရာသီအားကစားပြိုင်ပွဲတွင် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများကို ဩဂုတ်လ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပကြောင်း သိရသည်။

**(၆၀၂)**

---

# ကျောက်ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးထားသည့် ဆီထွက်သီးနှံ နှမ်းနှင့်မြေပဲများ နုတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်

ကျောက်ပန်းတောင်း ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးထားသည့် နှမ်းနှင့်မြေပဲများ နုတ်သိမ်းလျက်ရှိပြီး ရာသီဥတုမှန်ကန်ကောင်းမွန်သဖြင့် သီးနှံများ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

"ဒီနှစ်မှာ နှမ်းရောမြေပဲပါ အထွက်နှုန်းကောင်းပါတယ်။ မိုးများလို့ တချို့နေရာတွေလောက်ပဲ ပြန်ကြဲရတာရှိတယ်။ ကျန်တာက စိုက်ချိန်စောတာနဲ့ နောက်ကျတဲ့ပေါ်မူတည်ပြီး စိုက်ခင်းတော်တော်များများ အထွက်နှုန်းကောင်းပါတယ်။ ယာကျယ်ရင်ကျယ်သလောက် မြေပဲတင်း ၃၀၀ ကျော်ကနေ ၄၀၀ ကျော်ရကြပါတယ်" ဟု တွင်းဖြူကျေးရွာမှ နှမ်းနှင့်မြေပဲစိုက်တောင်သူတစ်ဦးကပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ မိုးသီးနှံအဖြစ် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မိုးနှောင်း(ဝါ)များကို အဓိကထားစိုက်ပျိုးကြကာ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် မိုးနှမ်း ၁၂၁၀၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၁၃၄၆၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မိုးမြေပဲ ၆၃၈၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၃၁၉၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် မိုးရွာသွန်းမှုမှန်ကန်သဖြင့် သီးနှံများအထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **ဩဂုတ်လ ၂၂ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁၆ ဒသမ ၇၁၄)တန်၊ သစ်မာ (သုည ဒသမ ၄၅၈)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၃၄၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၁ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်၊ ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ






မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၄ ဒသမ ၀၀၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၃၉၉၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၁၅ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ်နှင့်မော်လမြိုင်မြို့နယ်တို့အတွင်း၌ မော်တော်ယာဉ်(၁၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၄၇)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၉၅၈၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၄)စီး၊ Hino Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Hino Profia Truck (၃)စီး၊ Nissan Diesel Tractor Head (၃)စီး၊ Nidi Truck (၁)စီး၊ Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၄)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၄၅၈၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဩဂုတ်လ ၂၃ ရက်နေ့တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ (၄)မှု၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၈၅၀၀)** ကိုဖမ်းဆီးရမိခဲ့သည်။

**ဩဂုတ်လ ၂၂ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၃)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၂)စီးဖမ်းဆီးရမိခဲ့ပြီးသက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၁၅ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၆၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၅၆၁၉၉၄၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## ၂၃-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၅ | ၃၃၂၀ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၁၅ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၀ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၀ | ၂၆၁၀ | - | ၂၉၀၅ | ၂၆၂၅ | ၂၆၃၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၈၅ | ၂၉၄၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၀၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | ၄၈၃၀ | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |
| HSD (10 ppm) | ၃၀၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၀၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | - | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၉ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၃၈၃ | ၂၄၆၀ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၅၉ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်းနှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Black Coffee
PYIN OO LWIN
Nan Myaing 3-1 coffee
PYIN OO LWIN NAN MYAING PURE ARABICA Coffee

❖ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံသူ နိုင်ငံသား အားလုံးစည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားကြဖို့ လိုအပ်တယ် . . .

❖ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုထပ်မံရရှိ

ရန်ကုန် ဩဂုတ် ၂၃

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပလျက်ရှိသည့် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၏ ယနေ့ယှဉ်ပြိုင်မှုတွင် မြန်မာလက်ရွေးစင်ကာယဗလအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ထပ်မံရရှိခဲ့ကြောင်း သိရသည်။





အဆိုပါအာရှပြိုင်ပွဲ၏ Men's Body-building Up to 75 kg ပြိုင်ပွဲတွင် မြန်မာမှ ချမ်းမြေ့ထွန်းက ပထမ(ရွှေ)၊ ဗီယက်နမ်မှ ဒုတိယ(ငွေ)၊ မလေးရှားမှတတိယ(ကြေး) တို့ရရှိကြသည်။ ထို့အတူ MSP Up To 180 ပြိုင်ပွဲတွင် မျိုးသူရကျော်က တတိယ(ကြေး)၊ MSP Up To 175 ပြိုင်ပွဲတွင် စိုင်းသက်နောင်ဦးက တတိယ(ကြေး)၊ ငြိမ်းချမ်းက စတုတ္ထ ရရှိခဲ့ကြသည်။

စာမျက်နှာ ၂၇ ကော်လံ ၄ ➤

## အထူးမိုးလေဝသ သတင်း

### မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းတစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်




နေပြည်တော် ဩဂုတ် ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ကဂျိကိ" (Kajiki) သည် အနောက်ဘက်သို့ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ စာမျက်နှာ ၁၀ ကော်လံ ၁ ●

## ဩဂုတ်လ ၂၅ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်- အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဩဂုတ်လ ၂၅ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။ (မိုး/ဇလ)

### အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၂) ဘောလုံးပွဲရလဒ်များ

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၁ - ၅ | ချဲလ်ဆီး |
| မန်စီးတီး | ၀ - ၂ | စပါး |
| ဘုန်းမောက် | ၁ - ၀ | ဝုလ်ဗ် |
| ဘရန့်ဖို့ | ၁ - ၀ | ဗီလာ |
| ဘန်လေ | ၂ - ၀ | ဆန်းဒါးလန်း |

## အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၃

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၅ အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ်လ ၂၀ ရက်မှ ၂၉ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့၌ကျင်းပလျက်ရှိရာ မြန်မာအသင်းသည် ယနေ့အုပ်စုအဖွင့်ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။



မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း ၂၆ မိနစ်တွင် အသင်းခေါင်းဆောင်ပင်မြင့်ယံက သွင်းယူခဲ့ပြီး ဒုတိယပိုင်း ၅၅ မိနစ်အရောက်တွင် ပင်မြင့်ယံကပင် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ထို့အတူ ပွဲကစားချိန် ၅၈ မိနစ်တွင် အယ်အယ်ဆိုင်းဟွယ်နန်းက တတိယဂိုးများသွင်းယူခဲ့ကြသည်။ စာမျက်နှာ ၂၇ ကော်လံ ၄ ⊃

